MHSP

# Winston Groom

# Gump & Co.



လင်းခန့်

# ဖောရက်စ်ဂမ့် နှင့်ရောင်းရင်းများ

# ဖောရက်စ်ဂမ့်နှင့်ရောင်းရင်းများ

## လင်းခန့်(မြန်မာပြန်)

မြတ်နိုးဖွယ်ရာ နှစ်များစွာကြာအောင် ဖောရက်စ်နှင့်အတူရှိပေးခဲ့တဲ့ ချစ်ဇနီး အန်းကလင်တန်ဂရွမ်း သို့

## အခန်း (၁)

လူမှန်ရင် အမှားမကင်းဘူးလို့ ဆိုကြတယ်။ ဒါကြောင့်ပဲ ခဲတံမှာခဲဖျက်တပ်ပေးထားတာပေါ့။ ဒါပေမဲ့ ကျွန်တော့်စကားကိုတော့ သေချာမှတ်ထားဗျာ။ ကိုယ့်အကြောင်းကို ဘယ်သူ့ကိုမှ ရုပ်ရှင်ရိုက်ခွင့် မပြုလိုက်နဲ့ဗျ။ သူတို့ရိုက်လို့ မှားတာ၊ မှန်တာ အရေးမကြီးဘူး။ ပြဿနာက ကိုယ့်ဆီ တစ်ချိန်လုံး လူတွေရောက်လာပြီး ဟိုမေးဒီမေး မေးကြမြန်းကြ၊ မျက်ခွက်နား တီဗွီကင်မရာကြီး ကပ်ရိုက်လိုရိုက်ကြ၊ တော်တော်ဟုတ်တဲ့လူပဲ ဘာညာပြောပြီး အော်တိုလိုချင်ရတာနဲ့ ဘာနဲ့ ရှုပ်ကုန်ရော။ လေကုန်တိုင်းသာ ပိုက်ဆံရကြေးဆို မစ္စတာ ဒေါ်နယ်ထရန့်တို့၊ မိုက်ကယ်မူလီဂန်တို့၊ အိုင်ဗန်ဘိုဇိုစကီးတို့ထက်တောင် ကျွန်တော်က ပိုက်ဆံပိုရှာနိုင်ဦးမယ်။ ကိုယ်သာစိတ်ဝင်စား ရင်ပေါ့။

ဒါတွေ အသာထားပါဦးလေ။ အခုတော့ ကျွန်တော့်ဇာတ်လမ်းရဲ့နောက်ဆုံးရသတင်းတွေကို အရင်ပြောပြပါဦးမယ်။ ပြီးခဲ့တဲ့ ဆယ်နှစ်ကျော်က ကျွန်တော့်ဘဝမှာ ကြုံရဆုံရတာတွေမှ အများကြီး။ ပထမဆုံးကတော့ ကျွန်တော် ဆယ်နှစ်လောက် အိုစာသွားတာပဲ။ ဒါက တချို့သူတွေ ထင်သလို ပျော်စရာတော့ မကောင်းဘူးရယ်။ ခေါင်းက ဆံပင်တွေလည်း ဖြူပြီ။ စိတ်

သွားတိုင်းလည်း ကိုယ်က မပါတော့သလောက်ပဲ။ ဒါကို ဘောလုံးပြန်ကစားပြီး ပိုက်ဆံရှာဖို့ ကြိုးစားတော့မှ သိလိုက်တာ။ နယူး အော်လင်း တောင်ပိုင်း ရောက်တုန်းက ဝမ်ဒါလို့ခေါ်တဲ့ အဖော်အချွတ်ကလပ် တစ်ခုမှာ သန့်ရှင်းရေးအလုပ်ရတယ်။ ဆိုင်က မနက်သုံးနာရီ ထိုးတောင် ပိတ်တတ်တာ မဟုတ်တော့ တစ်နေကုန် အားယားနေတယ်။ တစ်ညတော့ ဆိုင်ထောင့်တစ်နေရာကနေ ထိုင်ကြည့်နေတုန်း စင်ရှေ့မှာ ရန်ပွဲတစ်ခု အကြီးအကျယ် ထဖြစ်တယ်။ ရန်ပွဲဆိုတော့လည်း လူတွေ ပြေးကြလွှားကြ၊ အော်ကြဟစ်ကြ၊ စားပွဲတွေမှောက်ကြ၊ ဘီယာပုလင်းတွေ၊ ခုံတွေနဲ့ ပစ်ပေါက်ကြ၊ ခေါင်းရိုက်ခွဲကြနဲ့ပေါ့။

ရန်ပွဲကတော့ တစ်ညကို နှစ်ခါသုံးခါလောက် ဖြစ်နေကျမို့ ခေါင်းထဲ သိပ်မရှိပါဘူး။ ဒီတစ်ခေါက်မှာတော့ ရန်ပွဲထဲပါတဲ့ သူတစ်ယောက်ကို ကျွန်တော်မှတ်မိသွားတယ်။ လက်ထဲက ဘီယာပုလင်းကြီး တယမ်းယမ်းနဲ့ ထွားထွားကျိုင်းကျိုင်းနဲ့ အဲဒီကောင်ကြီးကို ကျွန်တော် အယ်လာဘားမား တက္ကသိုလ်က ထွက်လာခဲ့ကတည်းက မတွေ့တာကြာပြီ။ ဘယ်သူရှိရဦးမလဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက အောရင့်ချ်ဘိုးပွဲမှာ နီဘရားစကားတွေနဲ့ ကစားခဲ့တဲ့စနိပ်ပေါ့။ အဲဒီပွဲရှုံးသွားလို့ ကျွန်တော် ဗီယက်နမ်ကို သွားရတာလေ။ ထားပါတော့၊ ဒါတွေက ခုတော့လည်း ဘာမှ မဟုတ်ပါဘူး။

အဲဒါနဲ့ ကျွန်တော်လည်း စနိပ်ဆီသွား၊ လက်ထဲက ဘီယာပုလင်းကို လှမ်းဆွဲတော့ သူက ကျွန်တော့်ကိုလည်းမြင်ရော ဝမ်းသာအားရနဲ့ ယောင်ပြီး ကျွန်တော့်နဖူးကို လက်သီးနဲ့ ပိတ်ထိုးတယ်။ ပြီးတော့မှ ဝမ်းခေါင်းသံကြီးနဲ့ အော်ဆဲတော့တာ။ အဲဒီအခိုက်မှာပဲ ရဲတွေရောက်လာပြီး ကျွန်တော် တို့အားလုံးကို အချုပ်ထဲ ပို့လိုက်တယ်။ အချုပ်ထဲ ကြိမ်ဖန်များစွာ ရောက်ဖူးတာမို့ အခုတော့ ဘယ်လိုမှ မနေတော့ဘူး။

မနက်ကျတော့ စခန်းမှူးက ကျွန်တော်တို့ကို ခေါ်သယောင်းနေတဲ့ ပေါင်မုန့်နဲ့ အသားပြားကြော်တွေ လာပေးရင်း အချုပ်ကလွတ်ဖို့ တစ်ယောက်ယောက်ဆီ ဖုန်းဆက်ချင်လားလို့ မေးတယ်။ အဲဒီမှာ စနိုပ်က အကြီးအကျယ် ဒေါသထွက်သွားပြီး ကျွန်တော့်ကို

'မင်းဆီ ရောက်တိုင်း ငါ့မှာ ပြဿနာတက်တာချည်းပဲ ဖောရက်စ် ရာ။ မင်းနဲ့မတွေ့တာ နှစ်နဲ့ချီနေပြီ။ ခုကြည့်။ တွေ့တာနဲ့ အချုပ်ထဲ တန်းရောက်တာပဲ'

စနိုပ်ပြောတာ မှန်နေတာမို့ ကျွန်တော်လည်း ခေါင်းပဲ ညိတ်ပြလိုက်တယ်။ နောက်တော့ ကျွန်တော်တို့ကို ထုတ်ပေးမယ့်သူ ပေါ်လာတာနဲ့ စနိုပ်ရော သူ့အပေါင်းအပါတွေပါ အချုပ်ထဲက လွတ်လာကြတယ်။

သူက ကျွန်တော့်ကို မကျေမချမ်းနဲ့

'နေပါဦး။ မင်းက အဲဒီဆိုင်မှာ ဘာလုပ်နေတာတုံးလို့ မေးတာနဲ့ သန့်ရှင်းရေးလုပ်နေတာလို့ ပြောပြလိုက်တယ်။

စနိုပ်က အူမြူးသွားတဲ့ မျက်နှာနဲ့

'ဖြစ်ရတယ် ဂမ့်ရယ်။ ငါက မင်းကို ဘားယူလဘားတွာမှာ ပုစွန်ကုမ္ပဏီကြီး ထောင်နေတုန်း မှတ်တာ။ ဘာများ ဖြစ်လို့တုံး။ မင်းက သန်းကြွယ်သူဌေးပဲကို'

အဲဒါနဲ့ ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှောရတာပေါ့။ ပုစွန်ကုမ္ပဏီက အရှုံးပေါ်တာနဲ့ ကျွန်တော်လည်းရှိတာပဲ ခဏထိုင်စားနေလိုက်တယ်။ လုပ်ငန်းကြီးတစ်ခု တည်ထောင်ရတာလည်း ပင်ပန်းလှပြီ။ အဲဒါနဲ့ မေမေရယ်၊ ဗီယက်နမ်က လက်ဖတင်နင်ဒန်ရယ်၊ စစ်တုရင်ဆရာကြီး မစ္စတာ ထရစ်ဘဲလ်ရယ်ကို အပ်လိုက်တယ်။ နောက်တော့ မေမေဆုံးတယ်။ ဒန်က သူ့

အတွက် ပိုက်ဆံအလုံအလောက် ရှိနေပြီမို့ အလုပ်က ထွက်တော့မယ်လို့ ကျွန်တော့်ကို ဖုန်းဆက်တယ်။

တစ်နေ့ ပြည်တွင်းအခွန်များဌာနက စာတစ်စောင် ရောက်လာတယ်။ ကျွန်တော့်လုပ်ငန်းဟာ အခွန်တွေဆောင်မထားလို့ ပိတ်သိမ်းပြီး သဘော်တွေ၊ အဆောက်အအုံတွေ အကုန်ယူရမယ်တဲ့။ ဘာတွေဖြစ်နေလဲ သိချင်လို့ သွားကြည့်တော့ ဘာမှကို မရှိတော့ဘူးဗျို့။ အဆောက်အအုံ အားလုံး အလွတ်တွေဖြစ်နေပြီး ပေါင်းမြက်တွေ ထနေတယ်။ ဖုန်းကြိုးတွေလည်း ဖြုတ်ထားတယ်။ မီတာလည်း ဖြုတ်ထားတယ်။ ရဲက တံခါးပေါ်မှာ ဥပဒေအရ ရှိနေရာကို ထိန်းသိမ်းလိုက်ကြောင်း စာကပ်ထားတယ်။

အဲဒါနဲ့ အကြောင်းရင်း သိချင်လို့ ဘဘ်ဘာ့အဖေကို သွားရှာတယ်။ ဘဘ်ဘာ့က ဗီယက်နမ်မှာ စစ်မှုထမ်းတုန်းကသေသွားတဲ့ ကျွန်တော့်မိတ်ဆွေ။ ဘဘ်ဘာ့အဖေပြောပြတော့မှ ဖြစ်ရပ်မှန်ကို မြင်ယောင်ပုံဖော်ကြည့်ရမှာ။ ကျွန်တော် သူ့ဆီ လျှောက်သွားတော့ သူက အိမ်ရှေ့လှေကားထစ်မှာထိုင်ပြီး ဝမ်းပန်းတနည်း ကြည့်နေတယ်။

'ပုစွန်လုပ်ငန်းက ဘာဖြစ်သွားတာလဲဟင်'

ဘဘ်ဘာ့အဖေက ခေါင်းတခါခါနဲ့

'ပြောရမှာ စိတ်မကောင်းဘူး ဖောရက်စ်ရယ်။ မင်းတော့ ဘဝပျက် ပြီ'

'ဘာဖြစ်လို့လဲဗျ'

'နောက်ကျော 'ဓားနဲ့ ထိုးခံရလို့ပေါ့'

ဖြစ်ပုံက ဒီလို။ ကျွန်တော် နယူးအော်လင်း ရောက်နေတုန်းမှာ ပုစွန်လုပ်ငန်းကိစ္စ အဝဝကို ဖြေရှင်းဖို့ရန်က ကျွန်တော့်မိတ်ဆွေ အော်ရန်အူတန် မျောက်ဝံကြီး ဆူးကို ခေါ်ပြီး ဘားယူလဘားတွာ ကို ပြန်လာတယ်။

ပြဿနာက ဖမ်းစရာ ပုစွန်ကုန်သွားတာပဲ။ တစ်ကမ္ဘာလုံးက လူတွေဟာ ပုစွန်တွေချည်း စားများနေသလား မသိပါဘူး။ ပုစွန်ဆိုတာ တစ်ခါမှ မကြားဖူးတဲ့ အင်ဒီယာနာ ပိုလစ်လို နေရာက လူတွေတောင် အရန်သင့်စားသောက်ဆိုင် လာစားရင် နေ့ရောညပါ ပုစွန်ဟင်းပွဲကြီးတွေ မှာကြတာကိုး။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး မြန်မြန်ရအောင် ဖမ်းပါရဲ့။ ဒါပေမဲ့ နှစ်အနည်းငယ် အကြာမှာပဲ စဖမ်းတုန်းက ပမာဏရဲ့ တစ်ဝက်တောင် မရတော့ဘူး။ အဲဒီမှာ ပုစွန်လုပ်ငန်းတစ်ခုလုံး မျက်ဖြုံဆိုက်တာပဲ။

နောက်ဘာဆက်ဖြစ်လဲ ဆိုတာတော့ ဘဘ်ဘာ့အဖေလည်း အတိအကျမသိဘူး။ ဘာပဲဖြစ်လာလာ ပိုပြီးဆိုးတာပဲ ဖြစ်မှာပဲ။ ပထမ ဒန် အလုပ်ထွက်သွားတယ်။ ဒန့်ကို ဇိမ်ခံကားကြီး တစ်စီးပေါ် ရွှေရောင်ဘီးတဲလ်ဆံပင်တုစွပ်၊ ဒေါက်ဖိနပ်အမြင့်ကြီး စီးထားတဲ့ မိန်းမတစ်ယောက် တင်ပြီး မောင်းသွားတာကို မြင်လိုက်သတဲ့။ ဒန်က ကားထဲကနေ လက်ထုတ်ပြီး ရှမ်ပိန်ပုလင်းကြီးနှစ်လုံး မြှောက်ပြသွားသေးဆိုပဲ။

နောက်တော့ မစ္စတာထရစ်ဘဲလ်လည်း အလုပ်ထွက်သွားတယ်။ နောက်ပိုင်း လုပ်အားခ မပေးနိုင်တော့လို့ တစ်ယောက်ပြီးတစ်ယောက် ထွက် သွားလိုက်ကြတာ ဖုန်းဖြေဖို့ ဆူးတစ်ကောင်ပဲ ကျန်ရစ်တယ်။ ဖုန်းကုမ္ပဏီက ဖုန်းတွေ လာဖြုတ်သွားတော့ ဆူးပါ ထွက်သွားရော။ သူ့လည်း သုံးစရာ မလိုတော့ဘူးလို့ ထင်မှာပေါ့လေ။

'ငါတော့ မင်းပိုက်ဆံတွေ အလိမ်ခံလိုက်ရတာ ဖြစ်မယ်လို့ တွက်တာပဲ'

'ဘယ်သူက လိမ်တာလဲ'

'အားလုံးပေါ့။ ဒန်၊ မစ္စတာထရစ်ဘဲလ်၊ စက္ကတ္တရီတွေ၊ လုပ်သားတွေနဲ့ ရုံးကနားက လူတွေလည်းပါမှာပေါ့။ ယူလို့ရသမျှ အကုန်သယ်သွားကြတာ။ ဆူးတောင်ပါတယ်။ သူ့ကို နောက်ဆုံးတစ်ခေါက် တွေ့တုန်းက

လက်ထဲမှာ ကွန်ပျူတာတစ်လုံး ကိုင်ပြီး အဆောက်အအုံရဲ့ ထောင့်တစ်နေရာကနေ ချောင်းကြည့်နေတာ’

အ င်း ‘ကြားရတာတွေအားလုံး သတင်းဆိုးတွေချည်းမို့ ကိုယ့်နား ကိုယ်တောင် မယုံနိုင်ဘူး။ ဒန်ရော၊ မစ္စတာ ထရစ်ဘဲလ်ရော၊ ဆူးရောတဲ့ လေ။ ဘာဘာ့အဖေက

‘ဘာပဲဖြစ်ဖြစ်လေ မင်း ရင့်ကျက်သွားတာပေါ့ ဖောရက်စ်ရာ’

‘ဟုတ်ပါတယ်။ အရင်ကလည်း ကြုံဖူးတာပဲ’

***

ဒါဆိုလည်း အခု ဘာမှမရှိတော့ဘူးပေါ့။ ယူကြပါစေလေ။ အဲဒီ ညက ကျွန်တော်ပိုင်ခဲ့တဲ့ သင်္ဘောကျင်းမှာထိုင်ပြီး မစ္စစ္စပီမြစ်ရေပြင် ထက်ကနေ ကောင်းကင်ပေါ် တဖြည်းဖြည်း တက်လာတဲ့ လခြမ်းကြီးကို ကြည့်ရင်း တွေးနေမိတယ်။ အခုလိုသာ မဖြစ်ခဲ့ရင် မေမေဒီမှာ ရှိနေမှာပဲ။ ဂျင်နီကာရန်လည်း သူ့သားလေးဖောရက်စ်နဲ့ ဘယ်လိုများ ရှိနေသလဲ။ တကယ်တော့ ကျွန်တော့်သားပါပဲ။ ဖောရက်စ်လေး ပိုက်ဆံလိုရင် သုံးဖို့ ပုစွန်လုပ်ငန်းကို ရှယ်ယာခွဲပေးမယ်လို့ ဂျင်နီ့ကို ကတိပေးခဲ့ဖူးတယ်။ အခုတော့ ကျွန်တော် မွဲသွားပြီ၊ ဘဝပျက်ပြီဆိုတော့ ဘာဆက်လုပ်ရမလဲ။

ငယ်သေးရင်တော့ ကိစ္စမရှိဘူး။ တာဝန်ယူစရာလည်း ရှိမလာသေးဘူးကိုး။ ဒါပေမဲ့ အခုက အသက်သုံးဆယ်ကျော်မှ မဟုတ်တော့ပဲ။ ဖောရက်စ်လေး အတွက်လည်း ကောင်းတာတစ်ခုခု လုပ်ပေးချင်မိတယ်။ ဘာဖြစ်သွားတာလဲ။ ကျွန်တော် အရှုပ်ထုပ်တွေ ထပ်လုပ်မိပြီ။ ကျွန်တော့်ဘဝဇာတ်လမ်းက ဒါပဲ။

ထိုင်ရာကထပြီး ဆိပ်ခံတံတားအဆုံးဆီ လျှောက်တော့ လခြမ်းက မြစ်

ရေပြင်ထက်မှာ တွဲလောင်းကျနေဆဲ။ ရတ်တရက် ကျွန်တော် ငိုမိတယ်။ ဆိပ်ခံတံတားရဲ့ ထောက်တိုင်ကြီး တစ်တိုင်ပေါ် မှီရင်း အော်ငိုတယ်။ ဆိပ်ခံတံတားကြီး ဝုန်းခနဲ ရေထဲကျိုးကျပြီး ကျွန်တော်ပါ ပါသွားရင် ကောင်းမှာပဲ။ သေလိုက်။ ကျွန်တော် ခါးလယ်ကျော်တဲ့ ရေထဲဆင်းပြီး မတ်တတ်ရပ်နေမိတယ်။ ကျွန်တော်က အရူးတစ်ယောက်ပဲ။ ငါးမန်းတို့ဘာတို့ လာကိုက်သွားရင်တောင် စိတ်ထဲမထားဘူး။ ဒါပေမဲ့ ဘယ်ငါးမန်းမှလည်း လာမကိုက်ပါဘူး။ အဲဒါနဲ့ အပေါ်ပြန်တက်ပြီး နယူးအော်လင်းကို ဘတ်စ်ကား စီးပြန်ခဲ့တယ်။ ကလပ်မှာ သန့်ရှင်းရေးအလုပ်စဖို့ အချိန်မီကလေးပဲ။

တစ်ရက်နှစ်ရက်ကြာတော့ ဆိုင်ပိတ်ခါနီးမှာ စနိပ်ရောက်ချလာတယ်။ သူ့လက်မှာလည်း ကျွန်တော့်ခေါင်းကို ထိုးတုန်းက ဒဏ်ရာရသွားလို့ ပတ်တီးအဖွေးသားနဲ့။

'ငါမင်းကို တဲ့(ဒဲ့)ပဲပြောမယ် ဖောရက်စ်ရာ။ မင်းဘဝ သောက်တလွဲတွေချည်း ဖြစ်ပြီးတဲ့နောက် ဒီဆိုင်မှာ အခုလို သန့်ရှင်းရေးပဲ ဝင်လုပ်နေမှာလား။ မင်းရူးသွားပြီလား။ တစ်ခုမေးဦးမယ်။ ကောလိပ်တုန်းကလို မင်းပြေးလို့ ရသေးလား'

'ဘယ်သိမလဲ စနိပ်ရာ။ အလေ့အကျင့်မှ မရှိတော့တာ'

'ကောင်းပြီ၊ ဒါဆို တစ်ခုပြောမယ်။ မင်းသိလားတော့ မသိဘူး။ ငါက နယူးအော်လင်းစိန့် အဖွဲ့မှာ တိုက်စစ်မှူးကွ။ မင်းကြားချင်လည်း ကြားမယ်။ တို့အဖွဲ့က ခုနောက်ပိုင်း သိပ်ကောင်းကောင်း မကစားနိုင်တော့ဘူး။ ရှစ်မှတ်ရအောင်တောင် မနည်းရုန်းရတယ်။ လူတိုင်းကလည်း အာပလာကောင်တွေလို့ ပြောနေကြပြီ။ နောက်တစ်ပတ်ကျ နယူးယောက် ဂျိုင်းယန့်စ်တွေနဲ့ ကစားဖို့ရှိတယ်။ ဒီပုံစံအတိုင်း သွားရင်တော့ ပွဲက အထုတ်ခံရမလားပဲ'

‘မင်း ခုထိ ဘောလုံးကစားတုန်းလား’

‘အင်း၊ ဘောလုံးမကစားလို့ ဘာလုပ်ရမှာလဲ အရှုံးရဲ့။ ကဲ ဒါဆို နားထောင်။ တနင်္ဂနွေနေ့ကျရင် ဂျိုင်းယန့်စ်တွေကို ပညာတစ်ခုခုတော့ ပေးရမယ်။ အဲဒါက မင်းဖြစ်မှ ရမယ်ထင်တာပဲ။ အများကြီးတော့ မဟုတ်ပါဘူး။ တစ်ပွဲ၊ နှစ်ပွဲလောက်ပါပဲ။ မင်းလေ့ကျင့်ထားမှ ရမယ်။ မင်းအိုကေရင် အလုပ်တစ်ခု ရတာပေ့ါ၊

‘အင်း၊ ငါလည်း မသိတော့ဘူး စနိပ်ရာ။ ဟိုကွာ၊ ဗိုလ်လုပွဲမှာ ရှုံးပြီးကတည်းက ငါက ဘောလုံးမှ မကစားတော့တာ’

‘ဟာ အဲဒါကို စိတ်ထဲ ထားမနေနဲ့တော့လေ ဖောရက်စ်ရဲ့။ အနှစ်နှစ်ဆယ်လောက် ကြာခဲ့ပြီပဲကို။ လူတွေလည်း မေ့နေပြီ။ မင်းမို့ မမေ့နိုင်ဖြစ်နေတယ်။ ခုလည်းကြည့်၊ မနက်နှစ်နာရီကြီး အရက်ဆိုင်မှာ ကြမ်းတိုက်နေရတာကို။ အခွင့်အရေးဆိုတာ ဘဝတစ်ဆစ်ချိုး ပြောင်းသွား နိုင်တယ်နော်။ မင်း ဘယ်လိုကောင်လဲကွာ။ အရှုံးလား’

ကျွ န် တော် က ‘ဟုတ်တယ်လေ’လို့ ဖြေမလို့ လုပ်နေတုန်း စနိပ်က လက်သုတ်ပဝါပေါ် စာရေးပြီး

‘ဒီမှာ လေ့ကျင့်ရေးဆင်းရမယ့် ကွင်းလိပ်စာ။ မနက်ဖြန် နေ့လယ် တစ်နာရီတိတိ အဲဒီကို သွား၊ ဒီစာကို ပြလိုက်ရင် င့ါဆီ မင်းကို ခေါ်လာကြလိမ့်မယ်’

သူထွက်သွားတော့ ကျွန်တော်လည်း လက်သုတ်ပဝါကို အိတ်ထဲ ထိုးထည့်လိုက်ပြီး သန့်ရှင်းရေး ပြန်လုပ်နေလိုက်တယ်။ အဲဒီည အိမ်ပြန်ရောက်တော့ အိပ်ရာထဲမှာ စနိပ်ပြောတာကို တစ်ညလုံး စဉ်းစားနေမိတာ အရဏ်တက်တဲ့အထိပဲ။ သူပြောတာ မှန်လောက်တယ်။ ကြိုးစားကြည့်လိုက်လို့ အရှုံးတော့မရှိပါဘူး။ အယ်လာဘားမား တက္ကသိုလ်က နည်းပြဘာ

ရိုင်ယန့်တို့၊ ကားတစ်တို့နဲ့ ရှိခဲ့တဲ့အချိန်တွေကို ပြန်သတိရတယ်။ အဲဒီ ကာလတွေဟာ ကျွန်တော့်ဘဝရဲ့အကောင်းဆုံး အချိန်တွေပါပဲ။

ရွှေပွဲလာ ဧည့်ပရိသတ်တွေရဲ့ သောသောညံတဲ့ အားပေးသံတွေနဲ့အတူ ကျွန်တော်တို့အဖွဲ့ကလည်း ကစားပွဲတိုင်းနီးပါး နိုင်ခဲ့ကြတာကိုး။ ထား တော့၊ လောလောဆယ် အဝတ်အစားလဲပြီး မနက်စာထွက်စားတယ်။ တစ် နာရီထိုးတော့ နယူးအော်လင်းစိန့်ရဲ့ လေ့ကျင့်ရေးကွင်းကို စက်ဘီးနဲ့ ရောက်နေပြီ။

ကွင်းစောင့်ကို လက်သုတ်ပဝါထုတ်ပြတော့ ကျွန်တော့်ကို သင်္ကာမကင်း တဲ့ပုံစံနဲ့ ထက်အောက် စုန်ဆန်ကြည့်ပြီး

'ခင်ဗျားနာမည် ဘယ်သူ၊ ထပ်ပြောပါဦး'

'ဖောရက်စ်ဂမ့်ပါ။ စနိပ်နဲ့ ဘောလုံးကစားမလို့ပါ'

'ဩော် အင်း။ လူတိုင်း ဒီလိုပြောကြတာပဲ'

'ကျွန်တော် တကယ်ပြောတာ'

'ဒါဆိုလည်း ခဏစောင့်'

သူက ကျွန်တော့်ကို မနှစ်မြို့သလို ကြည့်ပြီး တံခါးတစ်ချပ်နောက် ဝင် သွားတယ်။ ခဏနေတော့ ခေါင်းတခါခါနဲ့ ပြန်ထွက်လာတယ်။

'ဟုတ်ပါပြီ မစ္စတာ ဂမ့်။ ကျွန်တော့်နောက် လိုက်ခဲ့'

သူက ကျွန်တော့်ကို လော့ကာခန်းထဲ ခေါ်သွားတယ်။ လူထွားကြီးတွေကို ကျွန်တော်တွေ့ဖူးသားပဲ။ နီဘရားစကား တက္ကသိုလ်က ကောင်တွေဆို အကြီးကြီးတွေ။ အခုတွေ့ရတဲ့ကောင်တွေ ကျတော့ ကြီးတာမဟုတ်ဘူး။ ထွားတာ။ ဘယ်လိုပြောရမလဲ။ ကျွန်တော့်အရပ်က ခြောက်ပေ ခြောက် လက်မ၊ ကိုယ်အလေးချိန် ပေါင်နှစ်ရာ့လေးဆယ်။ ဒီကောင်တွေ ကြည့်ရ

တာ အရပ်က ခုနစ်ပေလောက်ရှိပြီး ကိုယ်အလေးချိန် ပေါင်သုံးလေးရာလောက် ရှိမယ်။

တစ်ကောင်က ကျွန်တော့်ဆီလာပြီး

'ဒီမှာ ဘယ်သူ့ကို လာရှာတာလဲ ဆရာကြီး'

'စနိပ်ကို'

'ဩော် သူက ဒီနေ့ မလာလောက်ဘူး။ နည်းပြက သူ့လက်ကို ဆရာဝန်သွားပြခိုင်းလို့။ အရက်ဆိုင်မှာ ဘယ်အရူးရဲ့ခေါင်းကို သွားထိုးတယ် မသိပါဘူး။ လက်အဆစ်လည်သွားလို့တဲ့'

'အဲဒီကိစ္စ သိပါတယ်'

'အင်းလေ၊ ဒါဆိုလည်း ကျွန်တော် ဘာကူညီပေးရမလဲ'

'မသိတော့ပါဘူး။ စနိပ်က ကျွန်တော့်ကို ဒီလာခိုင်းပြီး ခင်ဗျားတို့ ခေါ်ရင် လိုက်ကစားပါလို့ ပြောထားလို့'

အဲဒီကောင်က ရယ်ချင်သလိုမျိုး မျက်လုံးတွေ ကျဉ်းသွားပြီး

'ကျွန်တော်တို့နဲ့ ဘောလုံးကစားမလို့ ဟုတ်လား'

'ဩော် ဒီလိုပါ။ ကျွန်တော်နဲ့ စနိပ်က အယ်လာဘားမားမှာ တစ်သင်းတည်း ကစားခဲ့တာ။ မနေ့ညက သူ ကျွန်တော့်ဆီလာပြီး'

'ခဏလေး၊ ခင်ဗျားနာမည် ဖောရက်စ်ဂမ့်တော့ မဟုတ်လောက် ပါဘူးနော်'

'သိပ်ဟုတ်တာပေါ့'

'ဩော် သိပြီ၊ သိပြီ။ ကျွန်တော် ခင်ဗျားအကြောင်း ကြားဖူးတယ် ဂမ့်ရဲ့။ ခင်ဗျားက လင်းနို့တစ်ကောင်လို သုတ်ခနဲ ပြေးတတ်တယ်လို့ စနိပ်က ပြောတယ်'

'အဲဒီလောက် ပြန်ပြေးနိုင်ပါ့မလား မသိပါဘူး။ မပြေးတာ ကြာပြီကိုး'

'ဟုတ်ပြီ။ စနိုပ်က ကျွန်တော့်ကို ပြောထားတယ်။ ခင်ဗျားကို အစမ်းသဘော ပြေးခိုင်းကြည့်ပါတဲ့။ လာ၊ အဝတ်လဲချေ။ စကားမစပ် ကျွန်တော့်နာမည် နည်းပြဟာလေပါ။ ခံစစ်ကစားသမားတွေကို လေ့ကျင့်ပေးတာ'

သူက ကျွန်တော့်ကို ယူနီဖောင်းလဲတဲ့ အခန်းဆီ ပြန်ခေါ်သွားတယ်။ အံ့မယ်၊ တက္ကသိုလ်တုန်းက ဝတ်စုံတွေနဲ့ ကွာနေရောပဲ။ အကုန်ပြောင်းလဲသွားပြီ။ ရာဘာစတွေ၊ အခုအခံတွေနဲ့ ဝတ်စုံပြည့်များ ဝတ်လိုက်လို့ကတော့ အင်္ဂါဂြိုဟ်ပေါ် သွားမယ့်သူလိုလို ဘာလိုလိုနဲ့။ မတ်တတ်ရပ်လိုက်တာနဲ့ကို ပွဲခံနေရသလိုမျိုး။ ကျွန်တော် ဝတ်စားပြီးတဲ့အချိန်မှာ ကျန်တဲ့သူတွေက ကွင်းထဲဆင်းပြီး လေ့ကျင့်ခန်းလုပ်ဖို့ အသင့်ပြင်နေကြပြီ။ နည်းပြဟာလေက လိုင်းကွက်ထဲက သူ့အုပ်စုကို လက်ညှိုးထိုးပြပြီး ကျွန်တော့်ကို ဝင်တန်းစီဖို့ ပြောတယ်။ ဒီအပိုင်းကို ကျွန်တော်မှတ်မိ တယ်။ တာထွက်ကနေ ဆယ်ကိုက်လောက် ပြေး၊ ပြန်လှည့်ကြည့်ပြီး သူတို့ပစ်ပေးလိုက်တဲ့ ဘောလုံးကို ဖမ်းရတာ။ ကျွန်တော့်အလှည့်လည်း ရောက်ရော၊ ပြေးပြီး လှည့်ကြည့်လိုက်တဲ့အချိန်မှာ ဘောလုံးက မျက်နှာကိုလာမှန်တယ်။ ကျွန်တော်လည်း အငိုက်မိပြီး မြေကြီးပေါ် ပစ်လဲကျသွား တာပေါ့။ နည်းပြဟာလေက ခေါင်းခါပြတာနဲ့ နောက်တန်းစည်းထဲ ပြန်ပြေးလာရတယ်။ လေးငါးကြိမ်လောက်အထိ ဘောလုံးကို တစ်ခါမှ ဖမ်းမမိဘူးဗျာ။ ကျန်တဲ့ကောင်တွေကလည်း ကျွန်တော့်ကို ရေမချိုးရသေးတဲ့သူလို ရှောင်ဖယ်ရှောင်ဖယ်နဲ့။

မကြာခင် နည်းပြဟာလေက ဟေးဟေးဟားဟား အော်ဟစ်လာတာနဲ့ အကုန် ရတ်ရတ်သဲသဲ ဖြစ်လာရော။ နောက်တော့ နှစ်ဖွဲ့ကွဲသွားတယ်။ တစ်ပွဲနှစ်ပွဲကစားပြီးတော့ နည်းပြဟာလေက သူ့ဆီလာဖို့ လက်ယပ်ခေါ်တယ်။

'ဟုတ်ပါပြီ ဂမ့်ရေ။ ခံစစ်သမားနေရာကို သွားပြီး ဘောလုံးဖမ်းနိုင်မလား

ကြည့်ရအောင်။ စနိပ်ကို မျက်နှာပျက်အောင်တော့ မလုပ်နဲ့။ ကျွန်တော့်ကို ရောပေ့ါ’

ကျွန်တော်လည်း ပြန်ပြေးပြီး အဖွဲ့သားတွေကို ပြောပြရတယ်။ တိုက်စစ်မှူးက ကျွန်တော့်ကို ရူးများနေသလား ဆိုတဲ့ အကြည့်နဲ့ ကြည့်ပေမဲ့

‘အိုခေလေ။ ရှစ်သုညကိုးထောင့် အနေအထား။ နှစ်မှာ ဂမ့်နေမယ်။ ကိုက်နှစ်ဆယ်စာလောက် တန်းပြေးပြီး ပြန်ကြည့်နော်’

အားလုံး နေရာယူလိုက်ကြပေမဲ့ ကျွန်တော်ကတော့ ဘယ်နေရာ သွားရမှန်းတောင်မသိဘူး။ အဲဒါနဲ့ စိတ်ထဲထင်ရာ နေရာတစ်ခုဆီ သွားနေလိုက်ရော။ တိုက်စစ်မှူးက သူနဲ့ နီးနီးနေဖို့ အမူအရာလုပ်ပြတယ်။ နောက်တော့ နံပါတ်စဉ်ရေပြီး ဘောလုံးကို လုပြေးတယ်။ ကျွန်တော်လည်း ကိုက်နှစ်ဆယ် အကွာအဝေးကို မှန်းပြီး ပြေးချလိုက်တယ်။ ပြီးတော့ ပြန် လှည့်ကြည့်လိုက်တဲ့ အချိန်မှာ ဘောလုံးက ကျွန်တော့်ဆီ တည့်တည့်ကြီး ဝင်လာတယ်။ ကျွန်တော် သိလိုက်ပြီ။ ဒါနေရာမှန်ပဲ။

ဘောလုံးလက်ထဲ ရောက်တာနဲ့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် တန်းပြေးတာပဲ။ ဒါပေမဲ့ ကိုက်နှစ်ဆယ်မရောက်ခင် လူထွားကြီးနှစ်ကောင်က ကျွန်တော့်ကို ဝင်တွန်းပစ်လိုက်လို့ မြေကြီးပေါ်လဲသွားတယ်။ အဲဒီမှာ ငရဲပွက်သလို ကျယ်လောင်တဲ့ အသံနက်ကြီးတွေ ထွက်လာပါလေရော။

လူထွားကြီးတစ်ကောင်က

‘ဒါဘာလုပ်တာလဲကွ ဟင်’လို့ အော်တယ်။

နောက်တစ်ကောင်ကလည်း

‘ဟေ့၊ အဲဒီလို လုပ်ရမှာ မဟုတ်ဘူးလေ။ သူ ဘာတွေ လုပ်နေတာတုံး’

နောက်တော့ တခြားသူနှစ်ယောက် သုံးယောက် ရောက်လာပြီး အော်ကြ၊ ဟစ်ကြ၊ ဆဲရေးတိုင်းထွာကြနဲ့ နည်းပြဟာလေဆီ လက်တွေယမ်းပြတယ်။ ကျွန်တော်လည်း မတ်တတ်ပြန်ထ၊ လူတောထဲ ပြန်ပြေးပြီး ကာတာဘက်ကို

'သူတို့က ဘာဖြစ်လို့လဲဟင်'

'မသိပါဘူး ဂမ့်ရာ။ ဒီကောင်တွေကိုက တုံးတာ။ အရင်က ဒါမျိုး မမြင်ဖူးတော့ လုပ်မိလုပ်ရာ ဝင်လုပ်တာ။ သူတို့က မင်းကို ငါအစက ပြောထားသလို လုပ်မယ်ထင်နေတာတဲ့။ မင်းလုပ်တာ လမ်းတစ်ဝက်တောင် ရောက်နေပြီ။ ဒါက နည်းဗျူဟာ စာအုပ်ထဲမှမပါပဲ။ မင်းကို ငါသတိထားမိတာ ကံကောင်းတာပဲ။ ဒါနဲ့ မင်းဖမ်းတာ သိပ်ကောင်းတယ်ကွာ'

တစ်ညနေလုံး ကျွန်တော် ငါးခါ ခြောက်ခါလောက် ထပ်ဖမ်းမိတယ်။ ခံစစ်ထဲက လူတွေလည်း ပျော်လို့ရွှင်လို့။ နောက်တော့ စနိုပ် ဆရာဝန်ဆီက ပြန်လာပြီး စည်းဘေးကနေ မတ်တတ်ရပ်လိုက်၊ အံတကြိတ်ကြိတ်နဲ့ ခုန်လိုက်ပေါက်လိုက် အားပေးတော့တာပဲ။

ပွဲပြီးတော့ စနိုပ်က

'နောက်တနင်္ဂနွေကျ နယူးယောက် ဂျိုင်းယန့်စ်နဲ့ ပြိုင်ရမယ်နော် ဖောရက်စ်။ ဟိုညက မင်းရှိတဲ့ ဘားသွားမိတာ ကံကောင်းတာပဲ'

အဲဒါကံကောင်းတာရော ဟုတ်ပ့ါမလား ကျွန်တော်လည်း သိချင်မိတယ်။

***

နောက်တစ်ပတ်လုံး လေ့ကျင့်ရေးဆင်းနေရပြီး တနင်္ဂနွေနေ့ကျတော့ ကိုယ့်ကိုယ်ကိုယ် အတော်လေး ယုံကြည်မှုရှိနေပြီ။ စနိုပ်လက်လည်း သက်သာသွားပြီမို့ အစောပိုင်း နှစ်ကွာတားကို ပထမတိုက်စစ်မှူးနေရာက

မီးကုန်ယမ်းကုန် ပြန်ကစားတယ်။ လော့ကာခန်းထဲ ဝင်ကြတော့ ကျွန်တော်တို့ အသင်းက ၂၂ မှတ်၊ သူညနဲ့ နောက်ကျကျန်ခဲ့တယ်။

နည်းပြဟာလေက

'ကဲ ဂမ့်ရေ။ အခု တို့ဘက်က ပညာတွေ ထုတ်ပြရတော့မယ်။ ခုဆို တို့က သူတို့ကို မနိုင်လောက်ပါဘူးဆိုပြီး နယူးယောက်ဂျိုင်းယန့်တွေကို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ထားလိုက်နိုင်ပြီ ထင်တယ်။ သူတို့က ခပ်ပေ့ါပေ့ါ ဆက်ကစားကြတော့မှာ။ မင်းပဲ သူတို့ကို အနိုင်ယူပေးရမှာ၊

နောက်တော့ သူနဲ့ တခြားနည်းပြတွေက ဘာဘာညာညာတွေ ပြောပြီး ကွင်းထဲ ပြန်ထွက်လာကြတယ်။

ပထမအချီမှာ ကျွန်တော်တို့ဘက်က တစ်ယောက်က ပွဲစဘောကို ပရမ်းပတာ ဖမ်းလိုက်မိလို့ ကိုယ့်စည်းထဲကိုယ် ပြန်နေရတယ်။ နည်းပြဟာလေ ပြောသလိုပဲ ကျွန်တော်တို့က တစ်ဖက်အသင်းကို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ထားနိုင်တယ်။ နည်းပြဟာလေ ကျွန်တော့်တင်ပါးကို ပုတ်လိုက်တာနဲ့ ကစားပွဲထဲ ကျွန်တော် ပြေးဝင်သွားတော့ လူအုပ်ကြီးက ရုတ်ခြည်းငြိမ်ကျသွားပြီး ဟင်ခနဲ ဟာခနဲ အသံတွေ ခပ်အုပ်အုပ် ထွက်လာတယ်။ အစီအစဉ်ထဲမှာ ကျွန်တော့်နာမည် ထည့်မကြေညာထားတာကြောင့် ဖြစ်မယ်။

စနိပ်က ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်ပြီး

'အိုကေ ဖောရက်စ်။ အချိန်ကျပြီ။ လုပ်လိုက်တော့'

ပွဲစတာနဲ့ ကျွန်တော်က ဘေးစည်းမျဉ်းရှိရာ ပြေးထွက်တယ်။ ကွင်းစပ်ကို ရောက်ရောက်ချင်း လှည့်ကြည့်လိုက်တဲ့ အချိန်မှာ ဘောလုံးက ရောက်မလာဘူး။ စနိပ်ကို နောက်တန်းမှာ တစ်ဖက်အသင်းက လူလေးငါးယောက်က လိုက်ဖမ်းနေတယ်။ သူလည်း ကိုယ့်နယ်မြေထဲမှာတင်

ရှေ့တိုးနောက်ဆုတ် ရှောင်နေရတယ်။ တကယ်ဆို ကိုက်တစ်ရာလောက် ရောက်နေရမှာ။ အခုတော့ လွဲသွားပြီ။

လူပြန်စုတော့ စနိပ်က

'ဆောရီးပါ'လို့ ပြောပြီး ဘောင်းဘီအိတ်ထဲက ပလတ်စတစ်ဘူး သေးလေးကို ဆွဲထုတ်ပြီး တဂွပ်ဂွပ်နဲ့ မော့သောက်တယ်။

'အဲဒါ ဘာလဲဟင်'

'လိမ္မော်သီး တစ်ရာ ရာခိုင်နှုန်းပါဝင်တဲ့ လိမ္မော်ရည်စစ်စစ်ပေါ့ အရူးရ။ ဒီအရွယ်ကြီးကို ဝီစကီသောက်ပြီး လျှောက်ပြေးနေမယ်များ ထင်လို့လားကွ၊ ဟင်'

'တချို့အရာတွေက ဘယ်တော့မှ ပြောင်းလဲမသွားဘူး။ အံ့သြစရာတွေကလည်း ဘယ်တော့မှ အဆုံးသတ်မသွားဘူး' လို့ ဆိုကြတယ်။ စနိပ်တစ်ယောက် အသိတရားရလာတာကို ကျွန်တော် ဝမ်းသာမိပါရဲ့။

ပွဲပြန်စလို့ စနိပ် လှမ်းအော်တာနဲ့ ကျွန်တော် ပြေးထွက်လိုက်တယ်။ ပရိသတ်က ကျွန်တော်တို့ကို အော်ဟစ်ဆဲဆိုပြီး ကွင်းထဲကို စက္ကူခွက်တွေ၊ ပွဲချိန်စာရွက်တွေ၊ စားလက်စ ဟော့ဒေါ့တွေနဲ့ ဝိုင်းပေါက်ကြတယ်။ ဒီတစ်ချီ ကျွန်တော်နောက်ကို လှည့်လိုက်တဲ့အချိန်မှာ တစ်ယောက်ယောက် လှမ်းပေါက်လိုက်တဲ့ ပုပ်ခါစ ခရမ်းချဉ်သီးကြီးတစ်လုံး မျက်နှာကို လာထိတယ်။ မကျေနပ်ရင်ပေါက်ဖို့ အိမ်ကနေ ယူလာခဲ့တယ်ထင်ပါရဲ့။ မျက်နှာကို သုတ်မလို့ လက်မြှောက်လိုက်ချိန်မှာ စနိပ် လှမ်းပစ်လိုက်တဲ့ ဘောလုံးက ကျွန်တော့်ဆီ အရှိန်နဲ့ ဝင်ဆောင့်လိုက်လို့ လဲသွားတယ်။ အနည်းဆုံးတော့ ဖမ်းမိလိုက်တာပေါ့။

မျက်နှာက ခရမ်းချဉ်သီးဖတ်တွေကို သုတ်နေချိန်မှာ စနိပ်က

'သတိလေးဘာလေး ထားဦး။ သူတို့က ကွင်းထဲ လူဝင်မရရင် ရတာဝင်ကွာဆိုပြီး လှမ်းပေါက်ကြတာ။ ဘာသဘောမှတော့ မဟုတ်ဘူး'

ဒါဆိုလည်း တခြားနည်းလမ်းလေးတော့ စဉ်းစားစေချင်တယ်ဗျာ။

နောက်တစ်ခေါက် တန်းစီဖို့ ပြန်သွားတဲ့အခိုက် ကျွန်တော့်ကို တည့်တည့်ကြီး လှမ်းဆဲတဲ့ အသံကို ကြားလိုက်တာနဲ့ လူတန်းထဲ ကြည့်လိုက်တော့ ဘယ်သူရှိရမှာလဲ၊ အယ်လာဘားမား တုန်းက နောက်ခံကစားသမားကြီး ကားတစ်ပေါ့။ သူက နယူးယောက်ဂျိုင်းယန့် ယူနီဖောင်း ဝတ်ထားတယ်။

ကားတစ်က တက္ကသိုလ်တုန်းက ကျွန်တော့်ရဲ့အခန်းဖော်။ ရဲသားတစ်ယောက်နဲ့ ပြဿနာတက်ပြီး အားကစားသမား အိပ်ဆောင်ကနေ အထုတ်ခံလိုက်ရတာ။ သူ့ကို ဘားယူလဘားတွာက ပုစွန်ကုမ္ပဏီမှာ အလုပ်တောင် ခန့်လိုက်သေးတယ်။ ကျွန်တော်သိသလောက် ကားတစ်က စကားပြောရင် အဆဲကလေးတော့ ပါလိုက်ရမှ။ ဆိုတော့ တစ်ခါတလေ သူ ဘာဖြစ်ချင်မှန်း ကျွန်တော် မခန့်မှန်းတတ်ဘူး။ အထူးသဖြင့် ပွဲမစခင် ငါးစက္ကန့်လောက်ပဲ အချိန်ရတော့တဲ့ အခုလိုအခါမှာပေါ့။

သူ့ကို လက်လှမ်းပြလိုက်တော့ အံ့သြသွားပုံရတယ်။ သူ့ကို နှုတ်ဆက်တယ်လို့ မထင်ဘူး၊ နောက်က လူကို လှည့်ကြည့်တယ်။ နောက်တော့ ပွဲစတာပေါ့။ ကားတစ်က ကျွန်တော့်ကို ခြေနဲ့ ဝင်ဖျက်ဖို့ ကြိုးစားပေမဲ့ လှစ်ခနဲရှောင်ပြီး စနိပ်ရဲ့ဘောလုံးကိုမိအောင် ဖမ်းလိုက်နိုင်တယ်။ Touchdown (တစ်ဖက်ဂိုးစည်းကို ထိအောင်၊ ကျော်အောင် ဘောလုံးကို သယ်ယူသွားခြင်းဖြင့် ရသော အမှတ်)ရပြီ။

လူတိုင်း ထခုန်ပြီး ကျွန်တော့်ကို ဝိုင်းဖက်ကြတယ်။ ကားတစ်က ကျွန်တော့်ဆီလာပြီး

'အဖမ်းတော်လှချေလား ခွေးသား'လို့ လာပြောတယ်။

အဲဒါ ကားတစ်အစွမ်းကုန် ချီးမွမ်းလိုက်တာပဲ။ အဲဒီအခိုက်မှာပဲ တစ်ယောက်ယောက် ပစ်လိုက်တဲ့ ခရမ်းချဉ်သီးက သူ့မျက်နှာကို လာမှန်တယ်။ ကားတစ် ဆွံ့အသွားတာကို မြင်ဖူးတာ ဒါပထမဆုံးပဲ။ စိတ်လည်း မကောင်းဘူး။ အဲဒါနဲ့ ကျွန်တော်က

'သူတို့က ထိခိုက်စေလိုတဲ့ သဘောနဲ့ လုပ်တာမဟုတ်ပါဘူး ကားတစ်ရာ။ နယူးအော်လင်းက လူတွေက အဲဒီလိုပဲ။ ကွင်းထဲ လူဝင်မရတော့ ရတာနဲ့ လှမ်းပစ်ကြတာ'

ကားတစ်လား၊ ဘာမှ မလုပ်ဘဲနေမှာ။ သူက ပွဲကြည့်စင်ဘက် လှည့်ပြီး လက်ခလယ် ထောင်ပြရင်း ကလော်တုတ်တာပေါ့။ ကောင်းတယ် ကားတစ်ကြီးရာ။

စိတ်ဝင်စားစရာ ညနေခင်းပါပဲ။ လေးချီမြောက်မှာ ကျွန်တော်တို့က ၂၈ မှတ်နဲ့ ဦးဆောင်နေတယ်။ စနိပ်က ဟိုဘက်အသင်းကြောင့် ခြေထောက်ထိသွားလို့ ဘေးထွက်ထိုင်ရတယ်။ သူ့နေရာ အစားဝင်သူ ကိုက်လေးဆယ် အကွာကနေပစ်ပေးတဲ့ ဘောလုံးကို ကျွန်တော် ဖမ်းလိုက်နိုင်တယ်။ ကစားပွဲပြီ;ခါနီးမှာ ဂမ့်၊ ဂမ့်၊ ဂမ့်၊ ဆိုတဲ့ အသံတွေ ညံနေတာပဲ။ ပွဲပြီးတော့ သတင်း သမားတွေ၊ "ဓာတ်ပုံဆရာတွေ ရာနဲ့ချီ ကွင်းထဲ ဆင်းချလာပြီး ကျွန်တော့်ကို မေးကြ၊ မြန်းကြတော့တာပေါ့။

အဲဒီနောက်ပိုင်း ကျွန်တော့်ဘဝ လုံးဝ ပြောင်းလဲသွားတယ်။ ဂျိုင်းယန့်တွေနဲ့ ကစားတဲ့ လက်ဦးပွဲစဉ်အတွက် စိန့်အဖွဲ့က လူတွေက ကျွန်တော့်ကို ဒေါ်လာတစ်သောင်းတန် ချက်လက်မှတ်ပေးတယ်။ နောက်တစ်ပတ် ချီကာဂိုဘဲအဖွဲ့နဲ့ ကစားရတယ်။ အဲဒီမှာလည်း Touchdown သုံးခါထက် မနည်း ဖမ်းမိတယ်။ စိန့်အဖွဲ့က လူတွေက ကျွန်တော့်ကို ပိုက်ဆံပေးလို့ရမယ့် နည်းတစ်ခုတွေ့သွားတယ်။ Touchdown တစ်ခါရတိုင်း ဒေါ်လာတစ်သောင်း

ဘောနပ်ပေးမတဲ့။ လေးပွဲကျော်လောက် ကစားလည်းပြီးရော ဘဏ်ထဲမှာ ဒေါ်လာ ခြောက်သောင်းလောက် ရသွားတယ်။ အဖွဲ့လည်း ရှစ်ဆင့်လောက် တက်လာတယ်။ ဒက်ထရွိုက်လိုင်းယွန်းနဲ့ မကစားခင် တစ်ပတ်အလိုမှာ ဂျင်နီ့ဆီ ဖောရက်စ်လေးအတွက် ဒေါ်လာသုံးသောင်း လှမ်း ပို့ဖြစ်တယ်။ နောက် ရက်စကင်း၊ ကို့လ်ထ်၊ ပက်ထရစ်ရော့၊ ဖောတီနိုင်း ယား၊ ဂျက် စတဲ့ အဖွဲ့တွေနဲ့ အစဉ်လိုက် ကစားပြီးတဲ့အချိန်မှာ ဂျင်နီ့ဆီ နောက်ထပ် ဒေါ်လာသုံးသောင်း ပို့လိုက်တယ်။ သရေပွဲတွေသာ ကစားရရင် အသာကလေး ငွေရှာနိုင်မယ်လို့ တွက်မိတယ်။ ဒါပေမဲ့ အဲဒီလို တော့ လုံးဝ ဖြစ်မလာခဲ့ပါဘူး။

ကျွန်တော်တို့ ခရိုင်အတွက် ကွန်ဖရင့်ချန်ပီယံရှစ် နိုင်ပြီးတဲ့နောက် ဒဲလ က်စ်ကောင်းဘွိုင် အဖွဲ့နဲ့ သူ့အိမ်ကွင်းမှာ သွားကစားရမယ်။ အစစအရာရာ အဆင်ပြေချောမွေ့နေတာပဲ။ ကျွန်တော်တို့ လူတွေအားလုံးလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့။ အံမယ်၊ လော့ကာခန်းမှာဆို တစ် ယောက်ဖင်တစ်ယောက် တဘက်နဲ့ ရိုက်ပြီးတောင် စနေကြသေးရဲ့။ စနိုပ် ကြီးဆို အရက်တောင် ပြတ်သွားပြီး ကျန်းမာရေးသာ အဓိကဖြစ်လာ တယ်။

တစ်နေ့ အဖွဲ့သားတစ်ယောက် ကျွန်တော့်ဆီရောက်လာပြီး

'ဒီမယ် ဂမ့်၊ မင်းမှာ အေးဂျင့်တစ်ယောက်ယောက်တော့ ရှိမှ ဖြစ်မယ်'

'ဘာရယ်'

'အေးဂျင့်လေ ငတုံးရ။ မင်းကို ကိုယ်စားပြုပြီး လိုသလောက် ပိုက်ဆံတွေ ရအောင် လုပ်ပေးမယ့်သူပေါ့။ ဒီမှာဆို ထိုက်သင့်သလောက်ရမှာ မဟုတ် ဘူး။ ဘယ်သူမှလည်း မရပါဘူး။ အနည်းဆုံးအဖွဲ့ထဲ ဝင်ချင်ရင် တောင် အေးဂျင့်တွေနဲ့ ဆက်သွယ်ရတာပဲလေ။ အေးဂျင့်သာရှိရင် မင်းအခုရ တာ

ထက် သုံးဆလောက် ပိုရမှာ’

ဒီတော့ ကျွန်တော်လည်း သူ့အကြံကို လက်ခံပြီး အေးဂျင့်တစ် ယောက် ခေါ်လိုက်တယ်။ အေးဂျင့်နာမည်က မစ္စတာ ဘတ်တာဖီးတဲ့။ မစ္စတာ ဘတ်တာဖီးက စိန့်အဖွဲ့နဲ့ အရင်ဆုံး အတိုက်အခံ သွားလုပ်တယ်။ မကြာပါဘူး၊ အားလုံးက စိတ်ဆိုးပြီး ကျွန်တော့်ကို ခေါ်တွေ့တယ်။

‘ဂမ့်၊ လူတစ်ခါပေး(pass) ဒေါ်လာတစ်ထောင်၊ touchdown တစ်ခါကို ဒေါ်လာတစ်သောင်းလို့ စာချုပ်မှာ လက်မှတ်ထိုးလိုက်တယ်ဆို။ အရင်ဘဝ ပြန်ရောက်ချင်တာလား။ ဒါ ဘာအချိုးချိုးတာလဲ’

‘မသိဘူးလေ။ အေးဂျင့်က’

‘ဘတ်တာဖီးက မင်းအေးဂျင့်ပေါ့လေ။ ဒီလူက လူလိမ်ကွ။ မင်း မသိဘူးလား၊ ဟင်’

ကျွန်တော် ဘာမှမသိဘူးလို့ ပြောတော့ မစ္စတာ ဘတ်တာဖီးက ကျွန်တော့်ကို အခုပေးတာထက် သုံးဆပိုမပေးရင် အဖွဲ့ထဲကနေ ထွက်ခိုင်း မယ်လို့ ခြိမ်းခြောက်တဲ့ အကြောင်း သူတို့က ပြောပြတယ်။

ကလပ်ပိုင်ရှင်က

‘ငါပြောမယ် ဂမ့်။ ဒီလို အေးစားပြလာတိုက်တဲ့အတွက် ပွဲမှာ တစ်ချက် ကလေးလွဲတာနဲ့ မင်းကိုအဖွဲ့ထဲကနေလည်း ကန်ထုတ်မယ်။အနည်းဆုံး ပိုက်ဆံအတွက်နဲ့ နောက်ဘယ်နေရာမှာမှ ကစားလို့ မရအောင် လုပ်မှာ နော်။ နားလည်လား’

ကျွန်တော်လည်း ဟုတ်ကဲ့ပါပြောပြီး လေ့ကျင့်ရေးဆင်းဖို့ ထွက်လာရ တယ်။

***

အဲဒီအပတ်မှာ ကြမ်းတိုက်တဲ့အလုပ်ကနေ ထွက်လိုက်တယ်။ အဆင်ပြေပါတယ်။ ကလပ်ပိုင်ရှင် ဝမ်ဒါကတော့ ကျွန်တော့်ကို နားလည် ပေးပါတယ်။ မဟုတ်လည်း စိန့်အဖွဲ့မှာ ဘောလုံးကစားတဲ့သူက သူ့ဆိုင်မှာ သန့်ရှင်းရေးလုပ်တယ်ဆို ကျွန်တော် သိက္ခာကျမှာမို့ အလုပ်ဖြုတ်ပေးမှာပဲတဲ့။ ပြီးတော့ ပြောသေးတယ်။

'ခုဒီကို လာကြတဲ့သူတွေက ငါ့ကို ကြည့်ဖို့ မဟုတ်ဘူး။ နင့်ကိုပဲ့ အကောင်ရဲ့ နင့်ကို'

လက်စ်ကို သွားမကစားခင် တစ်ရက်အလို စာတိုက်ရုံးကို သွားတော့ မိုဘိုင်းလ်မြို့က စာတစ်စောင် ရောက်နေတယ်။ ဂျင်နီ့အမေဆီကပေါ့။ ဂျင်နီဒါမှမဟုတ် သူနဲ့ပတ်သက်တဲ့ လူတစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရရင် အမြဲ စိတ်လှုပ်ရှားနေတတ်တဲ့ ကျွန်တော်က အခုတော့ အဲဒီလို မဟုတ်တော့ပါဘူး။ မသိဘူး၊ တစ်မျိုးပဲဗျာ။ ပျော်သလိုလိုပဲ။ စာအိတ်ထဲမှာ မဖောက်ရသေးတဲ့ နောက်စာအိတ်တစ်လုံး ရှိသေးတယ်။ အဲဒါက ဂျင်နီ့ဆီ နောက်ဆုံးတစ်ခေါက် ပို့လိုက်တဲ့ ဒေါ်လာသုံးသောင်းတန် ချက်လက်မှတ်။ ဂျင်နီ့အမေရဲ့ စာကို ဆုံးအောင်တောင် မဖတ်နိုင်ဘူး။ သေသာ သေလိုက်ချင် တော့တယ်။

'ဖောရက်စ်ရေ၊ တို့လည်း မင်းကို ဘယ်လိုပြောရမှန်း မသိဘူး။ ဂျင်နီ ပြီးခဲ့တဲ့လက အသည်းအသန် ဖျားတယ်။ သူ့ခင်ပွန်း ဒေါ်နယ်ရောပဲ။ တစ်ပတ်လောက်ကြာတော့ ဒေါ်နယ်ဆုံးတယ်။ နောက်တစ်ရက်ပဲကြာတယ်။ ဂျင်နီလည်း ဆုံးသွားရှာတယ်ကွယ်'

သူပြောတာတွေ ရှိသေးပေမဲ့ ဘာတွေမှန်း ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ ပထမဆုံးစာကြောင်းကိုပဲ ကြည့်နေမိတယ်။ လက်တွေတုန်လာ ပြီးရင်ဘတ်ထဲမှာ တဒုတ်ဒုတ်နဲ့ ပြင်းပြင်းထန်ထန် ခုန်နေတယ်။ သတိလစ်

သွားတော့မယ့် အတိုင်းပဲ။ မဟုတ်တာ၊ မဖြစ်နိုင်ဘူး။ ဂျင်နီသေတာ မဟုတ်ပါဘူး။ သူနဲ့ ကျောင်းကတည်းက သိခဲ့တာ ဒီလောက်ကြာလှပြီ။ ချစ်လည်း ချစ်ခဲ့တယ်။ မေမေပြီးရင် သူပဲ။ မတ်တတ်ရပ်ရင်းကနေ စာပေါ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။ နောက်ဆုံးစာကြောင်းက

‘ဖောရက်စ်လေးက တို့နဲ့နေတယ်။ သူကတော့ တို့စောင့်ရှောက် နိုင်သလောက် နေရှာမှာပါ။ ဒါပေမဲ့ တို့လည်း ကျန်းမာရေးက မကောင်းဘူးကွယ်။ ဘောလုံးပွဲက အားလပ်တဲ့အချိန်ကျ လာကြည့်လှည့်ပါဦး။ စကားလေးဘာလေး ပြောရရင် ပိုကောင်းမယ်ထင်တယ်’

ကျွန်တော် ဘာဆက်လုပ်မိမှန်း မသိတော့ဘူး။ အိမ်ပြန်၊ ပစ္စည်း ပစ္စယတွေ အိတ်တစ်လုံးထဲ ကောက်ထည့်၊ အဲဒီညနေတင် ဘတ်စ်ကားတစ်စီးနဲ့ မိုဘိုင်းကို ပြန်ချသွားတယ်။ ကျွန်တော့်ဘဝမှာ အဲဒီခရီးစဉ်က အကြာဆုံးပဲလို့ ထင်မိတယ်။ တစ်လမ်းလုံး ဂျင်နီနဲ့ ကျွန်တော့်အကြောင်းတွေ တွေးလာတယ်။ ကျောင်းတုန်းက အကျပ်တွေ့နေတဲ့ ကျွန်တော့်ကို ကူညီခဲ့ပုံ၊ ရုပ်ရှင်ရုံမှာ ကျွန်တော့်ကြောင့် သူ့အင်္ကျီ မတော်တဆ ပြဲသွားခဲ့ပုံ၊ ကောလိပ်ကျောင်းက တီးဝိုင်းလေးမှာ သီချင်းအတူ ဆိုခဲ့ပုံ၊ သူနဲ့ ချစ်ရည်လူးနေတဲ့ ဘင်ဂျိုသမားကို ကားထဲကနေ ဆွဲထုတ်လို့ ပြဿနာတက်ခဲ့ပုံ၊ ဘော့စတွန်မှာ သူ က The Cracked Eggs အဖွဲ့နဲ့ သီချင်းဆိုပြီး ကျွန်တော်က ဟားဗတ်တက္ကသိုလ်မှာ ရှိတ်စပီးယားပြဇာတ် ဝင်ကခဲ့ပုံ၊ အင်ဒီယာနာပိုလစ်က ကားတာယာ ကုမ္ပဏီမှာ သူ အလုပ်လုပ်နေတုန်း ကျွန်တော်က နပန်းသမားဖြစ်လာတော့ နင့်ပုံက အရူးကြီးနဲ့ တူတယ်လို့ဆိုခဲ့ပုံ။ မဖြစ်နိုင်ဘူး။

ကျွန်တော် အထပ်ထပ်အခါခါ တွေးရင်း ဘယ်လိုမှ လက်မခံနိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် စိတ်ဓာတ်ကျသွားမှန်း သိနေတယ်။ ဒါအမှန်ပဲလို့လည်း သိတယ်။

မစွက်ကာရန်တို့အိမ်ရောက်တော့ ညကိုးနာရီ ထိုးတော့မယ်။ အဘွားကြီးက

'အမလေး ဖောရက်စ်ရဲ့' လို့ ဆိုပြီး ကျွန်တော့်ကို ဖက်ငိုတယ်။

ကျွန်တော်လည်း မငိုဘဲ မနေနိုင်ဘူး။ ခဏနေတော့ နွားနို့နဲ့ ကွတ်ကီးတွေ ချပေးရင်း အကြောင်းစုံ ပြောပြတယ်။

'ဘယ်က ဘယ်လိုဖြစ်သွားမှန်းကို မသိတော့ပါဘူးကွယ်။ လင်မယား နှစ်ယောက်စလုံး တစ်ပြိုင်တည်း ဖျားရာကနေ အသက်ပါ ပါသွားကြတယ်။ ဖြစ်တာ တော်တော့်ကို မြန်တယ်။ သိပ်တောင် မခံစားလိုက်ရပါဘူး။ သေပန်းပွင့်တယ်လို့ ပြောရမလားမသိဘူး။ အဲဒီအချိန်မှာ သူသိပ်လှနေခဲ့တယ်။ အိပ်ရာထဲလဲနေပုံကို မြင်ရတာ ငယ်ငယ်တုန်းကအတိုင်းပဲ။ ဆံပင်ကလည်း အရှည်ကြီး၊ မျက်နှာလေးက လှနေလိုက်တာ နတ်သမီးလေး အတိုင်းပဲ။ နောက်တော့ အဲဒီမနက်မှာတင် သူ'

မစွက်ကာရန်က ပြောလက်စကို ခဏရပ်လိုက်တယ်။ ထပ်တော့မငိုဘူး။ ပြတင်းပေါက်က တစ်ဆင့် မြင်ရတဲ့ လမ်းပေါ်က မီးရောင်ဆီလှမ်း ကြည့်တယ်။

'သူ့ကို သွားကြည့်တော့ ဆုံးနေရှာပြီ။ ခေါင်းအုံးပေါ် မှေးလျက်သားကလေး၊ အိပ်ပျော်နေသလိုပဲ။ ဖောရက်စ်လေးက ပေါ်တီကိုမှာ ကစားနေတယ်။ တို့လည်း ဘာလုပ်ရမှန်း မသိတာနဲ့ ဖောရက်စ်လေးကို အိမ်ထဲလှမ်းခေါ်ပြီး သူ့အမေကို နမ်းခိုင်းလိုက်တယ်။ သူကတော့ ဘယ်သိပ့်မလဲ။ နမ်းတာပေ့ါ။ ဒီပုံစံနဲ့ အကြာကြီး မထားချင်တာမို့ နောက်တစ်နေ့ပဲ တတိုင်းမွေးသင်္ချိုင်းမှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်။ ရှူးဂါးမေပယ်ပင်အောက် မိသားစုပိုင် မြေနေရာက သူ့အဘွားနဲ့ သူ့အဖေရဲ့ဘေးမှာပေ့ါ။ ဖောရက်စ်လေးတော့ ဘယ်လို သဘောပေါက်မယ် မသိဘူး။ သူ့အဖေ

အကြောင်းကို မသိသေးဘူး။ သူလည်း ဆဗန်းနားမှာ ဆုံးတာ။ သူ့အမေ ဆုံးတာကို သိပေမဲ့ အလုံးစုံတော့ နားလည်မယ်မထင်ဘူး၊

'ကျွန်တော် သွားကြည့်လို့ရလားဟင်'

'ဘာကိုလဲကွဲ့'

'ဂျင်နီ့အိပ်ရာကိုပါ'

'သြော် ရတာပေါ့ ဖောရက်စ်ရယ်။ ဒီအိမ်မှာပဲဟာ။ အခုလောလောဆယ် ဖောရက်စ်လေး အိပ်နေတယ်'

'ဒါဆိုလည်း သူ့ကို နှိုးမနေပါနဲ့'

'ဘာဖြစ်လို့လဲ'

'ဒီအတိုင်းထားတာ ပိုကောင်းမလားလို့ပါ'

ဂျင်နီ့အိပ်ခန်းထဲ ဝင်သွားတော့ သူ့အဖြစ်သူ နားမလည်နိုင်သေးတဲ့ ဖောရက်စ်လေးက ဝက်ဝံရုပ်လေးပိုက်ပြီး ခုတင်ပေါ်မှာ အိပ်ပျော်နေတယ်။ ရွှေရောင်ဆံပင် ကောက်ကောက် ကွေးကွေးလေးတွေက နဖူးမှာ ကျနေတယ်။ မစ္စက်ကာရန်က နှိုးမလို့ လုပ်ပေမဲ့ ကျွန်တော်က တားလိုက်တယ်။ မျက်လုံးထဲမှာ ငြိမ်သက်အေးချမ်းစွာ အိပ်ပျော်နေတဲ့ ဂျင်နီ့ကို တောင် မြင်နေရ သလိုလိုပဲ။

'ဒီညတော့ နားပါစေ။ မနက်ကျ တွေ့လို့ရတာပဲဟာ'

'ဟုတ်ပါတယ်လေ'

ကျွန်တော် ဖောရက်စ်လေး မျက်နှာကို တို့ကြည့်တယ်။ သူက တစ်ဖက်လှည့်သွားပြီး ဟင်းခနဲ သက်ပြင်းတစ်ချက် ချတယ်။

မစ္စက်ကာရန်က

'ဒီလိုဖြစ်လာတာ တို့ဖြင့်ယုံကို မယုံနိုင်ဘူး ဖောရက်စ်ရယ်။ အဖြစ်အပျက်

က မြန်လွန်းတယ်။ အားလုံး စိတ်ချမ်းသာနေကြတဲ့အခိုက်မှာမှ ဖြစ်ရတယ် လို့ကွယ်’

‘ဖြစ်တတ်ပါတယ်’

နှစ်ယောက်သား ဧည့်ခန်းဆီပြန်နှန်လာကြတော့ မစ္စက်ကာရန်က

‘ကဲ မင်းလည်း ပင်ပန်းနေပြီ ဖောရက်စ်။ ဧည့်ခန်းထဲက ဆိုဖာမှာ အိပ်ရာပြင်ပေးမယ်’

‘ကျွန်တော် ပေါ်တီကိုက ဒန်းမှာ အိပ်လို့ရပါတယ် မစ္စက်ကာရန်။ အဲဒီ ဒန်းလေးကို ကျွန်တော် သိပ်သဘောကျတာ။ ဂျင်နီနဲ့ ကျွန်တော် ထိုင်နေကျ လေ’

‘အင်းလေ၊ ဒါဆိုလည်း စောင်နဲ့ခေါင်းအုံး ပေးလိုက်မယ်’

ဒီလိုနဲ့ ကျွန်တော် ဒန်းပေါ်မှာအိပ်လိုက်တယ်။ တစ်ညလုံး လေတိုက်ရာက အရဏ်တက်ခါနီးတော့ မိုးရွာလာတယ်။ ဒါပေမဲ့ အေးမသွားဘူး။ အရင် တုန်းက ဒီမြို့မှာကြုံဖူးသလို ပုံမှန်ဆောင်းတစ်ညပါပဲ။ အိပ်လို့လည်းရမယ် မထင်တာနဲ့ ဂျင်နီရယ်၊ ကျွန်တော်ရယ်၊ ဖောရက်စ်လေး ရယ်အကြောင်းပဲ ထိုင်တွေးနေလိုက်တယ်။ ကျွန်တော်လုပ်ခဲ့တာတွေ အများကြီးရှိပေမဲ့ ကောင်းကောင်းမွန်မွန် လုပ်နိုင်ခဲ့တာတော့ အများကြီးမရှိဘူး။ အခြေအနေ ကောင်းမယ့်ကြတာနဲ့ ဒီဒုက္ခရောက်တာ အမြဲလိုပဲ။ ကျပ်မပြည့်လို့များ ဒီလို အပြစ်ဒဏ်ခံရတာလား မသိဘူး။

***

အခန်း (၂)

နောက်နေ့မနက်မှာ မစ္စက်ကာရန်က ကော်ဖီတစ်ခွက်၊ ဒိုးနပ်တစ်ခုနဲ့ ပေါ်တီကိုဆီ ထွက်လာတယ်။ မိုးနည်းနည်း စဲသွားပေမဲ့ ကောင်းကင်က မီးခိုးရောင် ရင့်နေတုန်းပဲ။ မိုးခြိမ်းသံ ခပ်အုပ်အုပ် ထွက်လာပုံက ဘုရားသခင် အမျက်တော် ရှနေသလိုပဲ။

မစ္စက်ကာရန်က

‘သင်္ချိုင်းကုန်းကို သွားကြည့်ချင်နေပြီ ထင်တယ်’

‘ဟုတ်၊ ကြည့်ချင်ပါတယ်’

တကယ်ရော ကြည့်ချင်စိတ် ရှိသလားတော့ သေချာမသိဘူး။ ဒီလိုလေ၊ ကြည့်တော့ ကြည့်ရမှာပေ့ါ။ ဒါပေမဲ့ အဲဒီနေရာကို နောက်ဆုံးမှပဲ သွားချင်တယ်။

‘ဖောရက်စ်လေးကို အဆင်သင့် ပြင်ထားပြီးပြီ။ သူလည်း တစ်ခါမှ မရောက်ဖူးသေးဘူး။ သူနဲ့ အတူသွားလိုက်တာ ကောင်းမယ်ထင်တယ်။ နေသားလည်း ကျသွားအောင်’

မစ္စက်ကာရန်နောက်ကို ကြည့်လိုက်တော့ ခြင်လုံဆန်ခါနောက်မှာ မတ်တတ်ရပ်နေတဲ့ ဖောရက်စ်လေးကို တွေ့ရတယ်။ သူ့အသွင်က ဝမ်းနည်း ပြီး ဇဝေဇဝါဖြစ်နေပုံမျိုး။ ဖောရက်စ်လေးက

‘ဦးက ဘယ်သူလဲဟင်’

‘ဦးက ဖောရက်စ်ပါ။ ဦးတို့ ဆုံဖူးတာ မှတ်မိလား။ ဆဗန်းနားမှာ နေတုန်း

ကလေ’

‘ဦးက ရယ်စရာကောင်းတဲ့ မျောက်ကြီးနဲ့တစ်ယောက် မဟုတ်လား’

‘အင်းပေါ့။ အဲဒါက ဆူးလေ။ သူက မျောက်မဟုတ်ပါဘူး။ အော် ရန်ဂူအူတန်မျောက်ဝံပါ’

‘အခု သူဘယ်မှာလဲ။ ပါလာလား’

‘ဟင့်အင်း။ ဒီတစ်ခေါက် ပါမလာဘူး။ အလုပ်ရှိလို့ တစ်နေရာရာ ထွက်သွားတာနေမယ်’

‘ဒါဆိုလည်း မေမေ့ကို ခုသွားကြည့်ရအောင်လေ’

ကျွန်တော် ဘာပြောရမှန်း မသိဖြစ်သွားတယ်။

‘အင်း၊ သိပါတယ်’

မစ္စက်ကာရန်က ကျွန်တော်တို့ကို သင်္ချိုင်းဆီ ကားမောင်း လိုက်ပို့တယ်။ ကျွန်တော့်ဗိုက်ထဲမှာ လိပ်ပြာတွေ လျှောက်ပျံနေသလိုမျိုး တစ်ချိန်လုံး ဖျပ်ဖျပ်လူးနေတယ်။ ဖောရက်စ်လေးကတော့ ဝမ်းပန်းတနည်း မျက်လုံးတွေနဲ့ ပြတင်းပေါက်ကနေ အပြင်ကို ငေးနေတာပဲ။ ဘာတွေ ဖြစ်လာဦးမလဲ မသိဘူးဗျာ။

သင်္ချိုင်းက အတော်လေးလှတယ်။ ဝက်သစ်ချပင်၊ တတိုင်းမွှေးပင်တွေကို ဖြတ်လာပြီးတဲ့နောက် မစ္စက်ကာရန်ရဲ့ ကားက သစ်ပင်ကြီးတစ်ပင်ရဲ့ အောက်မှာ ရပ်သွားတယ်။ တနင်္ဂနွေမနက်ခင်း ဆိုတော့ အဝေးကနေ ချာ့ကျောင်းခေါင်းလောင်းသံ ကြားရတယ်။ ကားထဲကထွက်တော့ ဖောရက်စ်လေးက ကျွန်တော့်ဘေးလာရပ်ပြီး မော့ကြည့်တာနဲ့ သူ့ကိုချီပြီး ဂျင်နီ့အုတ်ဂူဆီ လျှောက်သွားတယ်။ မြေကြီးက မိုးရေကြောင့် စိုနေတုန်းပဲ။ ကြယ်ပုံစံ အနီရဲရဲနဲ့ ရွှေရောင် သစ်ရွက်ကြွေလည်း အများကြီးပဲ။

ဖောရက်စ်လေးက

‘မေမေက ဘယ်မှာလဲဟင်’

‘ဒီမှာလေ မြေးရယ်’

‘မေမေ့ကိုလည်း မမြင်ရဘူးနော်’

‘ဟင့်အင်း၊ ဒါပေမဲ့ မေမေကရှိတယ် မြေးရဲ့’

ဖောရက်စ်လေးက သတ္တိရှိတယ်။ မငိုဘူး။ ဘာမှမဖြစ်ဘူး။ ကျွန်တော်သာဆို ငိုမှာပဲ။ ခဏနေတော့ ဖောရက်စ်လေးက တုတ်တစ်ချောင်း ကောက်ပြီး လျှောက်ကစားနေတယ်။

မစ္စက်ကာရန်က

‘တို့ဖြင့် ယုံကို မယုံဘူးကွယ်’

‘ကျွန်တော်လည်း မယုံနိုင်ဘူး။ ဒါဖြစ်မှ မဖြစ်နိုင်ပဲ’

‘တို့ ကားပေါ် ပြန်တက်တော့မယ် ဖောရက်စ်။ မင်းလည်း ခဏလောက် တစ်ယောက်တည်း နေချင်နေပေ့ါ’

ကျွန်တော် အသိမဲ့သွားသလိုမျိုး လက်နှစ်ဖက်ယှက်လျက်သား နေရာမှာတင် ရပ်ကျန်ခဲ့တယ်။ ကျွန်တော် ဂရုစိုက်တဲ့လူဆိုရင် သေသွားတာတို့ဘာတို့ ဖြစ်တတ်ပုံရတယ်။ ဘဘ်ဘာ၊ မေမေ၊ အခု သနားစရာ ဂျင်နီ။ မိုးလေးဖွဲဖွဲ ပြန်ကျလာတယ်။ မစ္စက်ကာရန်က ဖောရက်စ်လေးကို ကားဆီ ခေါ်သွားတယ်။

ကျွန်တော်လှည့်ပြန်မလို့ လုပ်လိုက်စဉ်မှာ

‘အဆင်ပြေပါတယ် ဖောရက်စ်’ဆိုတဲ့ အသံတစ်သံ ကြားရတယ်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ဘယ်သူမှ မရှိဘူး။

'အဆင်ပြေပါတယ်ဆိုတာ တို့ပြောနေတာပါ ဖောရက်စ်' ဆိုတဲ့ အသံထပ်ကြားရတယ်။

မဖြစ်နိုင်ဘူး။ အဲဒါ ဂျင်နီ့အသံ။ ဒါပေမဲ့ ဘယ်သူမှ ရှိမနေတာတော့ အမှန်ပဲ။

'ဂျင်နီ'

'ဟုတ်တယ် ဖောရက်စ်။ အစစအရာရာ အဆင်ပြေသွားမှာပါလို့ ရှင့်ကို သိစေချင်လို့ပါ'

ကျွန်တော် ရူးသွားတာဖြစ်မယ်လို့ တွက်မိတယ်။ ဒါပေမဲ့ စိတ်ထဲမှာ ရုတ်တရက်ကြီး သူ့ကို မြင်နေရသလိုပဲ။ ဂျင်နီက အမြဲလိုလို လှကိုနေတာ။

'ဖောရက်စ်လေးကို ရှင်ပဲခေါ်သွားပါ ဖောရက်စ်။ သူ့ကို လိမ္မာအောင်၊ သန်မာအောင်၊ ထက်မြက်အောင် ပြုစုပျိုးထောင်ပေးပါ။ ရှင်လုပ်နိုင်မယ်ဆိုတာ ကျွန်မသိတယ်။ ရှင်က အင်မတန် စိတ်ထားကောင်းတယ် ဖောရက်စ်'

ဒါပေမဲ့ ဘယ်လိုလုပ်ရမှာလဲ။ ကိုယ်က အရူးပဲ၊

'ဟင့်အင်း၊ မရူးပါဘူး။ ရှင်က ဒီမြို့မှာ ဉာဏ်အကောင်းဆုံး ဖြစ်ချင်မှ ဖြစ်မယ်။ ဒါပေမဲ့ လူအများစုထက် ပိုအသိဉာဏ်ရှိတယ်။ ရှင်က အသက်ရှည်ရှည် နေရဦးမှာ ဖောရက်စ်ရဲ့၊ ဒီတော့ အကောင်းဆုံးသာ လုပ်ပါ။ ရှင့်ကို ဒီလိုပြောခဲ့ဖူးတာ ကြာပြီနော်'

'သိပါတယ်။ ဒါပေမဲ့'

'ရှင်ဘာလုပ်ရမှန်းမသိတဲ့အချိန်တိုင်း ကျွန်မ ရှိနေပေးပါ့မယ်။ ဟုတ်ပြီလား'

'ဟင့်အင်း'

'ရှိနေမှာပါဆိုကွယ်။ ကဲ ပြန်တော့။ လုပ်စရာရှိတာလုပ်။ ဘာဆက်လုပ်ရ

မလဲပဲ စဉ်းစား’

‘ဒါပေမဲ့ ခုပြောနေတာ မင်းဆိုတာ ကိုယ်မှမယုံနိုင်ပဲ ဂျင်နီရယ်’

‘ကျွန်မပါရှင်။ ဟုတ်ပြီလား။ သွားတော့ ဖောရက်စ်။ ရှင်ဟာလေ၊ မိုးရွာရင် မိုးလွတ်ရာမှာ နေရမယ်ဆိုတာ သိရဲ့သားနဲ့ တစ်ခါတလေ မသိသလို လုပ်တယ်နော်’

အဲဒါနဲ့ ကျွန်တော်လည်း ကားဆီ မိုးရေတွေ ရွှဲရွှဲစိုပြီး ပြန်ရောက်လာတယ်။ မစ္စက်ကာရန်က

‘မင်းနှယ် တစ်ယောက်ယောက်နဲ့ စကားပြောနေသလိုပဲ ကြာလိုက်တာကွယ်’

‘ဟုတ်၊ အဲဒီလိုပါပဲ။ ကိုယ့်ဘာသာ ပြောနေမိတာ ထင်တယ်’

အဲဒီညနေ နယူးအော်လင်းစိန့်အဖွဲ့နဲ့ ဒဲလက်စ်ကောင်းဘွိုင်တို့ ပွဲကို ကျွန်တော်ရယ်၊ ဖောရက်စ်လေးရယ်၊ ဂျင်နီ့အမေရယ် ဧည့်ခန်းထဲမှာ ထိုင်ကြည့်ကြတယ်။ ပထမပိုင်းမှာ ကောင်းဘွိုင်ဘက်က touchdown လေးခါရပေမဲ့ ကျွန်တော်တို့အဖွဲ့ တစ်မှတ်မှမရဘူး။ ကျွန်တော် ဘယ်ရောက်နေတယ် ဆိုတာ ကစားကွင်းဆီ ဖုန်းဆက်လှမ်းပြောဖို့ ကြိုးစားသေးပေမဲ့ လော့ကာခန်းထဲက ဘယ်သူမှ လာမဖြေဘူး။ ကျွန်တော် ခေါ်တဲ့အချိန်အားလုံး ကွင်းထဲ ရောက်နေကြပြီထင်ပါရဲ့။

ဒုတိယပိုင်းက ပိုဆိုးတယ်။ ပွဲဝက်လောက်မှာတင် ၄၂ မှတ် - သုညနဲ့ ပြတ်ကျန်နေခဲ့ပြီ။ အားကစားသတင်း ကြေညာသူက ကျွန်တော် ဘယ်ရောက်နေလဲလို့ စမေးလာကြပြီ။ ကျွန်တော် ဘယ်ရောက်နေလဲ ဘယ်သူမှ မသိတာ။

နောက်ဆုံးမှာ လော့ကာခန်းက ဖုန်းကို နည်းပြဟာလေ ရုတ်တရက် လာ

ကိုင်ပြီး

‘မင်းအရူးပဲ ဂမ့်။ ဘယ်ရောက်နေတာလဲကွ၊ ဟင်’ လို့ အကျယ်ကြီး အော်တယ်။

ကျွန်တော်က ဂျင်နီ ဆုံးသွားတဲ့အကြောင်း ရှင်းပြပေမဲ့ သူ နားလည်ပုံမပေါ်ဘူး။

‘ဂျင်နီဆိုတာ ဘယ်သူလဲ’ လို့ ပြန်အော်တယ်။

ရှင်းပြရတာ လွယ်လွယ်ရှင်းပြလို့ ရမယ့်ပုံမပေါ်တာနဲ့ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ပါလို့ ပြောလိုက်တယ်။ အဲဒီမှာ ကလပ်ပိုင်ရှင်က ဖုန်းလာကိုင်ပြီး

‘ဒီမယ် ဂမ့်၊ ပွဲမှာ မင်းကြောင့် တစ်ခုခုဖြစ်တာနဲ့ ထုတ်ပစ်မယ်လို့ ပြောထားတယ်နော်။ အေး၊ အခု မင်းကို ထုတ်လိုက်ပြီ’

‘ဒါပေမဲ့ အခုဟာက ဂျင်နီ့ကိစ္စပေါ်လာလို့လေ။ ကျွန်တော်တောင် မနေ့ကမှ’

‘ငါ့ကို ဆင်ခြေလာမပေးနဲ့ ဂမ့်။ မင်းရော၊ မင်းအေးဂျင့်ဆိုတဲ့ မစ္စတာဘတ်တာဘတ် ဆိုလား ဘာလား၊ သူ့နာမည် ဘာဖြစ်ဖြစ်ကွာ။ မင်းတို့အကြောင်း ငါအကုန်သိတယ်။ ဒီလို ခပ်ညံ့ညံ့အကွက်နဲ့ လာလှည့်လို့ ပိုက်ဆံ ပိုပေးမယ် ထင်သလား။ ဘယ်တော့မှ မရစေရဘူး။ နောက်တစ်ခါ ငါ့အသင်းနား ဘယ်တော့မှ ကပ်မယ်မကြံနဲ့။ ကြားလား၊ အရိပ်တောင် လာမနင်းနဲ့၊’

အခန်းထဲ ဝင်လာတဲ့ မစ္စကာရန်က

‘သူတို့ကို သေချာရှင်းပြရဲ့လားကွယ်’

‘ဟုတ်ကဲ့၊ ရှင်းတော့ ပြလိုက်ပါတယ်’

ဒီလိုနဲ့ပဲ ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ် ဘောသမား နေ့ရက်တွေ

ကုန်ဆုံးသွားတယ်။

ဖောရက်စ်လေးကို ထောက်ပံ့ဖို့ ကျွန်တော် အလုပ်တစ်ခုခု ရှာမှဖြစ်မယ်။ ဂျင်နီက ကျွန်တော်ပို့တဲ့ ပိုက်ဆံအများစုကို ဘဏ်အကောင့်ထဲ ထည့်ထားခဲ့တယ်။ မစ္စက်ကာရန်က ဒေါ်လာ သုံးထောင်ကျော် ပြန်ပေးသေးတယ်။ အတိုးလေးဘာလေး နည်းနည်းပါးပါးလည်း ရပေမဲ့ အစစအရာရာအတွက်တော့ ဘယ်လောက်ငှမလဲ။ ဒီတော့ အလုပ်တစ်ခုခုတော့ ရှာရမယ်ဆိုတာ သိတယ်။

နောက်တစ်နေ့ မနက်ကျတော့ သတင်းစာကနေ အလုပ်ခေါ်စာ ကြော်ငြာတွေ လိုက်ဖတ်ပေမဲ့ အဆင်ပြေတာ သိပ်မတွေ့လှပါဘူး။ အများစုက စက္ကူကထ္ထရီတို့၊ ကားနဲ့ လျှောက်သွားရမယ့် အရောင်းစာရေးတို့လို ဟာတွေပဲ လိုချင်ကြတာ။ ဒီထက်နည်းနည်း ပိုသိက္ခာရှိတဲ့ အလုပ်တစ်ခုခုတော့ ရှာချင်တယ်။ နောက်တော့ ‘အခြားအလုပ်အကိုင်များ’ ဆိုတဲ့ ကော်လံမှာ ကြော်ငြာတစ်ခု သွားတွေ့တယ်။

‘အရောင်းမြှင့်တင်ရေး ကိုယ်စားလှယ်’တဲ့ ။ ‘အတွေ့အကြုံရှိရန် မလို။ ကြိုးစားလျှင် အမြတ်များများရမည်’ ဆိုပဲ။ လိပ်စာက မြို့ထဲက မိုတယ်တစ်ခုပဲ။ အဆုံးမှာ ‘မနက် ၁၀ နာရီတိတိ အင်တာဗျူးမည်။ လူချင်းတွေ့ဆုံနိုင်စွမ်း ရှိရမည်’ လို့ ရေးထားတယ်။

ကျွန်တော်က မစ္စက်ကာရန်ကို

‘အရောင်းမြှင့်တင်ရေး ကိုယ်စားလှယ် ဆိုတာ ဘာလဲဟင်’

‘သေချာတော့ မသိဘူးကွယ်။ တို့စိတ်ထင်’ မြို့ထဲက မြေပဲဆိုင်မှာ မြေပဲဝတ်စုံဝတ်ပြီး လူတွေကို အမြည်း လိုက်ကျွေးရတာလား မသိဘူး။ အဲဒီလိုမျိုးလို့ ထင်တာပဲ’

'သြော်'

ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်က ဒီထက်တော့ နည်းနည်း ပို အဆင့်မြင့်မယ် ထင်ထားတာ။ ဒါပေမဲ့ ကြော်ငြာမှာ ပြောထားတဲ့ 'အမြတ်များများ ရမည်' ဆိုတာကို စဉ်းစားကြည့်တယ်။ ပြီးတော့ မြေပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဝတ်ထားရမယ်ဆိုရင် အနည်းဆုံး ကျွန်တော်မှန်း ဘယ်သူမှသိမှာ မဟုတ်တော့ဘူး။

တကယ့်တကယ်ကြုံရတော့ ဘယ်ကလာ မြေပဲလူသား ဟုတ်ရမှာလဲ၊ ဆီနဲ့ရေလို တခြားစီပဲ။

***

အဲဒီလူက

'လောကမှာ အရာရာဟာ ဗဟုသုတ ဘယ်လောက်ကြွယ်သလဲ ဆိုတဲ့ အပေါ်မှာ မူတည်တယ်' လို့ ပြောတယ်။

'အရောင်းမြှင့်တင်ရေး ကိုယ်စားလှယ်' ကြော်ငြာကြောင့် လာကြတဲ့သူ လေးငါး ဆယ်ယောက်လောက် ရှိတယ်။ လှတပတ မိုတယ်လေးကို ရောက်တော့ ခေါက်ကုလားထိုင်တွေ ချထားတဲ့ အခန်းတစ်ခုထဲ ခေါ်သွားတယ်။ ကြမ်းပြင်မှာ ဖုန်းတစ်လုံး ချထားတယ်။ မိနစ်နှစ်ဆယ်လောက် ကြာတော့ အခန်းတံခါး ရုတ်တရက် ဖျတ်ခနဲ ပွင့်သွားပြီး ဝတ်စုံအဖြူ၊ ရှူးဖိနပ်အဖြူနဲ့ အသားညိုညို၊ အရပ် ရှည်ရှည်ပိန်ပိန် လူတစ်ယောက် ဝင်လာတယ်။ နှုတ်ခမ်းမွှေးစစနဲ့ ဆီအရွှဲသားဆံပင်ကို နောက်လှန်ဖြီးထားတဲ့ အဲဒီလူက ဘာမပြောညာမပြောနဲ့ အခန်းထဲ မြောက်ကြွမြောက်ကြွ ဝင်လာ ပြီး ကျွန်တော်တို့ကို လက်ချာရိုက်တော့တာပဲ။

'အဲဒီ ဗဟုသုတက ဟောဒီမှာ ရှိတယ်'လို့ ထပ်ပြောတယ်။

သူက ရောင်စုံပိုစတာကြီး တစ်ချပ်ကို ဖြန့်ပြရင်း ဇဟုသုတ ပုံသဏ္ဍာန်မျိုးစုံအကြောင်း ရိုက်နှိပ်ထားတာတွေကို လိုက်ထောက်ပြတယ်။ ပိုစတာပေါ်မှာ ဒိုင်နိုဆောတွေ၊ သင်္ဘောတွေ၊ ကောက်ပဲသီးနှံ စိုက်ခင်းတွေ၊ မြို့တော်ကြီးတွေရဲ့ ပုံတွေပါတယ်။ ကားတွေ၊ ရေဒီယိုတွေ၊ တီဗွီတွေ၊ ဂြိုဟ်တုနဲ့ အာကာသအပြင်ဘက်က ပုံတွေတောင် ပါတယ်။ နောက် ကျွန်တော်မသိတာတွေလည်း ပါသေးတယ်။

သူက အသံကျယ်ကျယ်နဲ့

'ဒါဟာ ဘဝတစ်သက်တာ အခွင့်အရေးပဲ။ ဟောဒီဇဟုသုတတွေ အိမ်တိုင်းကို ယူဆောင်သွားရမယ်'

တစ်ယောက်က

'နေပါဦး။ စွယ်စုံကျမ်းတွေ လိုက်ရောင်းခိုင်းတာလား'

အဲဒီလူက အရှိုက်ထိသွားတဲ့ ပုံနဲ့

'ဘယ်ကလာ ဟုတ်ရမှာလဲ'

'ကျွန်တော်ကတော့ အဲဒီလိုပဲ မြင်တယ်။ စွယ်စုံကျမ်းရောင်းရမှာ မဟုတ်ဘူးဆိုရင် ဘာလုပ်ရမှာလဲဗျ'

'ကျွန်တော်တို့က စွယ်စုံကျမ်း လိုက်မရောင်းပါဘူး။ စွယ်စုံကျမ်းကို အိမ်မှာ လိုက်ထားပေးတာ'

'ဟာ အဲဒါ စွယ်စုံကျမ်း လိုက်ရောင်းတာပေ့ါဗျ' လို့ အော်ရော။

'ဒီလိုသဘောထားမျိုးနဲ့ ဆိုရင်တော့ ခင်ဗျား ဒီနေရာကို လာမနေပါနဲ့တော့။ ပြန်ပါ။ ကျန်တဲ့သူတွေနဲ့ပဲ ဆက်ပြောကြတာပေ့ါ'

'သိပ်ပြန်တာပေ့ါဗျာ။ အရင်တစ်ခေါက်က စွယ်စုံကျမ်း လိုက်ရောင်းဖူးတယ်။ ကိုယ့်သေတွင်းကိုယ် တူးရသလိုပဲ။ အလကားဟာတွေ' လို့ ဆိုပြီး

ဆိုးဆိုးဆတ်ဆတ် ထထွက်သွားတယ်။

အဖြူရောင်ဝတ်စုံနဲ့ လူက

'လုံးဝ မဖြစ်နိုင်ဘူး။ ကြည့်နေ၊ တခြားသူတွေ အောင်မြင်ချမ်းသာကုန်မှ ခင်ဗျား နောင်တရမယ်' လို့ ပြောပြီး တံခါးကို အုန်းခနဲ ဒေါသတကြီး ဆောင့်ပိတ်လိုက်တာ အခန်းတောင် တုန်သွားတယ်။ ကျွန်တော့်ခမျာ လက်ကိုင်ဘုတွေဘာတွေ ပြုတ်ပျက်ထွက်ပြီး လာမှန်မှာတောင် ကြောက်တယ်။

***

ကျွန်တော်တို့ကို ထရိန်နင်ပေးတဲ့ ကာလက တစ်ပတ်လောက် ကြာတယ်။ ကျွန်တော်တို့ ရောင်းတဲ့ စွယ်စုံကျမ်းက ဘယ်လောက်ကောင်းမှန်း အမြုပ်ထွက်အောင် ပြောတတ်ဖို့ကျင့်ရတာ။ 'ကမ္ဘာ့တစ်လွှား သတင်းအချက်အလက်များ စာအုပ်'လို့ ခေါ်ရမယ်ဆိုပဲ။ ကျွန်တော်တို့ကို သင်ပေးတာက စွယ်စုံကျမ်းကုမ္ပဏီရဲ့ နယ်အရောင်း မန်နေဂျာလည်း ဖြစ်တဲ့ အဖြူရောင်ဝတ်စုံနဲ့ လူပေါ့။ သူ့နာမည်က မစ္စတာထရက်စ်ဝဲလ် ဆိုပေမဲ့ 'ကိုပိန်'လို့ပဲ ခေါ်ပါတယ်။

ကိုပိန်ပြောသလိုပဲ ကျွန်တော်တို့ဟာ စွယ်စုံကျမ်း လိုက်ရောင်းတာ မဟုတ်ပါဘူး။ အိမ်မှာ စွယ်စုံကျမ်းတွေ လိုက်ထားပေးတာပါ။ အမှန်ကဒီလို။ နှစ်စဉ် အသစ်ထုတ်နေကျ ဒေါ်လာ နှစ်ရာ့ငါးဆယ်တန် နှစ်ပတ်လည် စာအုပ် (yearbook)ကို တစ်သက်လုံး ဝယ်ပါ့မယ်ဆိုတဲ့ သဘောတူစာချုပ်မှာ လက်မှတ်ထိုးရင် စွယ်စုံကျမ်းတွေ အခမဲ့ပေးပါတယ်။ ဒီလိုဆို လူတွေလည်း စွယ်စုံကျမ်းအစုံလိုက် အလကားရ၊ ကုမ္ပဏီကလည်း နှစ်ပတ်လည် စာအုပ် ရောင်းရငွေ တစ်သောင်း လောက်ရတယ်။ စာအုပ် ရိုက်နှိပ်ခကတော့ ငါးဒေါ်လာခွဲလောက်ပဲ ကျတာ။ စာချုပ်တစ်စောင် လက်မှတ်ထိုးရင် ကျွန်တော်က ဆယ့်ငါးရာခိုင်နှုန်းရတယ်။ ကိုပိန်က ငါးရာခိုင်နှုန်းရ

တယ်။ ဒီအခွင့်အရေး မျိုး ဘယ်သူက လက်လွှတ်ခံလိမ့်မတုံး။

တနင်္လာနေ့မှာ ပထမဆုံး တာဝန်တွေပေးတယ်။ မုတ်ဆိတ် သေချာရိတ်ရတယ်။ လက်သည်းခြေသည်း သန့်သန့်ရှင်းရှင်း ထားရတယ်။ ကုတ်အင်္ကျီနဲ့ နက်တိုင်ဝတ်ရတယ်။ အလုပ်ချိန်မှာ လုံးဝ အရက်မသောက်ရဘူး။ ပြီးရင် မိုတယ်ကိုပြန်၊ အစီရင်ခံရတယ်။ ကျွန်တော်တို့အတွက် နောက်မိုးဖွင့် ကုန်တင်ကားအကြီးကြီးတစ်စီး ထားပေးတယ်။ ကိုပိန်က ကျွန်တော်တို့ကို ကျွဲအုပ်၊ နွားအုပ် မောင်းတင်သလိုမျိုး ကားနောက်ခန်းပေါ် တင်ပြီး ထွက်ကြရတယ်။

ကိုပိန်က ပြောတယ်။

'နားထောင်။ မင်းတို့ရဲ့ အိမ်နီးချင်းတွေဆီမှာ တစ်ယောက်ချင်း လိုက်ချပေးမယ်။ ဒုန်းတွေ၊ သုံးဘီးစက်ဘီးတွေ၊ သဲအိမ်ဆောက်တမ်း ကစားတဲ့ ပစ္စည်းတွေ စတဲ့ကလေးကစားစရာတွေရှိလား လိုက်ရှာ။ ငယ်ငယ်ရွယ်ရွယ် မိဘတွေကိုရောင်းမှ နှစ်ပတ်လည်စာအုပ် ကြာကြာရောင်းရမှာ။ ကလေးတွေ၊ ကလေးကစားစရာတွေ မတွေ့ရင် အချိန်ကုန်ခံမနေနဲ့'

ကျွန်တော်တို့လည်း ပြောတဲ့အတိုင်း လုပ်ကြတာပေါ့။ ကျွန်တော် အပါအဝင် အားလုံးကို အိမ်နီးချင်းတွေဆီမှာ ချပေးတယ်။ အိမ်နီးချင်းတွေက သိပ်သဘောကောင်းမှာတော့ မဟုတ်ဘူး။ ကိုပိန်ကတော့ ကိစ္စမရှိပါဘူးလို့ ပြောပါတယ်။ သဘောကောင်းတဲ့ အိမ်နီးချင်းတွေက ဉာဏ်ကောင်းတတ်တာမို့ ကျွန်တော်တို့ ဆွဲခေါ်တဲ့နောက် သိပ်မပါတတ်ကြဘူးတဲ့။ ထားပါ။ ကျွန်တော် ပထမဆုံးတွေ့တဲ့အိမ်မှာ ကလေးစီးတဲ့ဒုန်းတွေ အများကြီးရှိတယ်။ အိမ်တံခါး သွားခေါက်တော့ မိန်းမတစ်ယောက် ထွက်လာတာနဲ့ ကျွန်တော်လည်း သင်ထားတဲ့အတိုင်း ချက်ချင်း ခြေထိုးခံလိုက်ပြီး

'အချိန်ခဏလောက် ရသလား အစ်မကြီး'

'ငါ့ပုံက အချိန်ရတဲ့ရုပ်များ ထွက်နေသလား'

သူက ညအိပ်ဝတ်စုံနဲ့ ဆံပင်ကောက်တဲ့ အလိပ်တွေ လိပ်ထားတယ်။ သူ့နောက်မှာ ကလေးတွေ အော်ဟစ်ဆူညံနေတဲ့ အသံတွေကြားရတယ်။ ကျွန်တော်လည်း လေ့ကျင့်ထားတဲ့ အတိုင်း

'အစ်မကြီးကလေးတွေရဲ့ အနာဂတ်အကြောင်း ပြောပြချင်လို့ပါ'

သူက ကျွန်တော့်ကို မသင်္ကာသလိုကြည့်ပြီး

'နင်က ဘာကိစ္စ ငါ့ကလေးတွေကို စိတ်ဝင်စားနေရတာတုံး'

'သူတို့ကို အသိဉာဏ် ကြွယ်စေချင်လို့ပါ'

'နင်က ဘာလဲ။ ဘာသာရေး အစွန်းရောက်လား'

'မဟုတ်ပါဘူး အစ်မကြီးရဲ့။ ကျွန်တော်က အစ်မကြီးကို ကမ္ဘာ့အကောင်းဆုံး စွယ်စုံကျမ်းတွေ အိမ်တိုင်ရာရောက် အခမဲ့လက်ဆောင် လာပေးတာပါ'

'စွယ်စုံကျမ်းများဟယ်။ ငါ့ပုံက စွယ်စုံကျမ်း ဝယ်ဖတ်ဖို့ တတ်နိုင်တဲ့ရုပ်ပေါက်နေလို့လား'

သူပြောချင်တာ ကျွန်တော်သိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဆက်ပြောရမှာပဲ။

'အခုန ပြောသလိုပါပဲ။ ကျွန်တော်က စွယ်စုံကျမ်းလာရောင်းတာ မဟုတ်ပါဘူး။ အိမ်မှာ လာထားပေးမလို့ပါ'

'ဘာလဲ၊ အရစ်ကျဝယ်ရမှာလား'

'လုံးဝ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် အထဲဝင်ပြီး ခဏလောက် ရှင်းပြပါရစေလား'

သူက ကျွန်တော့်ကို ဧည့်ခန်းမှာ ထိုင်ခိုင်းတယ်။ ကိုပိန်ပြောတဲ့အတိုင်းဆို

ဒီလောက်ဆို တော်တော် ခရီးရောက်ပြီ။ လိုရာပန်းတိုင်ဆီ ရောက်တော့မှာ။ ကျွန်တော်က ကိုပိန်လုပ်ခိုင်းတဲ့ အတိုင်း လက်ဆွဲသေတ္တာလေးဖွင့်ပြီး စရှင်းပြလိုက်တယ်။ ဆယ့်ငါးမိနစ်လောက် ပြောပြီးတော့ စိတ်ဝင်စားတဲ့ပုံပေါက်လာတယ်။ ဖောရက်စ်လေး အရွယ်လောက်ရှိတဲ့ ကလေးသုံးယောက်က သူ့ကိုယ်ပေါ် တက်လာကြတယ်။

ကျွန်တော် ဆက်ရှင်းပြနေတုန်းမှာ အဲဒီမိန်းမက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြီး

'မစ္စတာ ဂမ့်ရယ်။ စွယ်စုံကျမ်းတွေ ဝယ်နိုင်လိုက်ချင်ပါရဲ့။ ဒါပေမဲ့ အဲဒီလောက် မတတ်နိုင်ဘူးရှင်' လို့ ဆိုရင်း သူ့ရဲ့ ဘဝဇာတ်စုံ အဖုံဖုံကို နတ်သံနှောပါတော့တယ်။

သူ့လင်က ခြူးတစ်ပြားမှ မထားခဲ့ဘဲ မိန်းမငယ်ငယ်လေး တစ်ယောက်နဲ့ လိုက်ပြေး သွားကြောင်း၊ အလွန်အကျွံ အလုပ်လုပ်ရတာကြောင့် ကြက်ဥကြော်ရင်း အိပ်ပျော်သွားလို့တူးပြီး သံအိုးကင်းပါ ပျက်စီးသွားတဲ့အတွက် ညစာချက်တဲ့ အလုပ်ပြုတ်သွားကြောင်း၊ "ဓာတ်အားပေး ကုမ္ပဏီက လျှပ်စစ်ဖြတ်လိုက်ကြောင်း၊ ဖုန်းကုမ္ပဏီကလည်း ထို့အတူဖြစ်ကြောင်း၊ ခွဲစိတ်ကုသစရာ ရှိတာတောင် ပိုက်ဆံမတတ်နိုင်လို့ မလုပ်ရကြောင်း၊ ကလေးတွေလည်း မဝရေစာ စားနေရကြောင်း၊ အိမ်ရှင်ကိုပေးစရာ အိမ်ငှားခ ဒေါ်လာငါးဆယ် မရှိလို့ နှင်ချခံရတော့မှာ ဖြစ်ကြောင်း။ တခြားဟာတွေ အများကြီး ရှိသေးတယ်။

အဲဒါနဲ့ ကျွန်တော်လည်း သူ့ကို ဒေါ်လာငါးဆယ်ပေးပြီး ထွက်လာခဲ့တယ်။ ကိုယ့်လူနှယ်၊ တော်တော် သနားစရာကောင်းတဲ့ မိန်းမပါဗျာ။ တစ်နေ့လုံး အိမ်တံခါးတွေ လိုက်ခေါက်ရတယ်။ အများစုက ကျွန်တော့်ကို အထဲတောင် ပေးမဝင်ပါဘူး။ တစ်ဝက်လောက်က တခြားစွယ်စုံကျမ်း အရောင်းသမား

တွေ လက်မှတ် ထိုးခိုင်းကြပြီးသား။ သူတို့ကတော့ စိတ်ညစ်စရာ အကောင်းဆုံးပဲ။ တံခါးကို ဆောင့်ကြီးအောင့်ကြီး ပိတ်ပစ်ကြတာ လေး ငါး ယောက်ရှိတယ်။ တစ်ယောက်ကတော့ အရုပ်ဆိုးဆိုး ခွေးကြီးတစ်ကောင်နဲ့ ရှူးတိုက်လွှတ်တယ်။ ညနေရောက်လို့ ကိုပိန်လာခေါ်တော့ ကျွန်တော် အတော်ပြိုင်းပြီး စိတ်ဓာတ်ကျနေပြီ။ ကိုပိန်က

'ကဲပါ ပထမဆုံးနေ့ပဲဟာ၊ စိတ်ပူမနေကြနဲ့။ ပထမဆုံးနေ့ဆိုတာ အမြဲ လိုလို အခက်ဆုံးပဲ။ စာချုပ်လက်မှတ်တွေ ရောင်းပြီးရင် ဒေါ်လာထောင်နဲ့ချီ ချမ်းသာလာမှာပဲ လို့သာတွေးထား။ ဒီမှာ အလုပ်မဖြစ်လည်း တခြားမှာ အများကြီးသွားလို့ရတာ ငါ အာမခံတယ်' လို့ ပြောပြီး ကျွန်တော့်ဘက် လှည့်ကာ

'ငါ မင်းကို ကြည့်နေတာ ဂမ့်ရ။ မင်းက အတော်တက်ကြွတာပဲ။ ချစ်ဖို့ လည်းကောင်းတယ်။ ကျွမ်းကျင်သူ တစ်ယောက်ယောက်နဲ့ လေ့ကျင့်ဖို့ပဲ လိုတာ။ ငါ မင်းကို သင်ပေးမယ်။ မနက်ဖြန်မနက် မင်း ငါနဲ့လိုက်ခဲ့'

မစ္စကက်ကာရန့်ဆီ ပြန်ရောက်တော့ အဲဒီည ထမင်းစားတာတောင် စိတ် မဖြောင့်ဘူးဗျာ။ ၊ အရောင်းမြှင့်တင်ရေး ကိုယ်စားလှယ်သာ ပြောတယ်။ လက်ဆုပ်လက်ကိုင် ပြစရာ ဘာမှမရှိဘူး။ ဒေါ်လာငါးဆယ် အိတ်စိုက်ရ တယ်။ ခွေးလိုက်ဆွဲလို့ ဘောင်းဘီတောင် ပြဲသွားသေးတယ်။ ထီးဖြူ ဖိနပ် ပါးတာပဲ အဖတ်တင်တယ်။

ဧည့်ခန်းကြမ်းပြင်မှာ ထိုင်ဆော့နေတဲ့ ဖောရက်စ်လေးက ကျွန်တော့်ကို ဘယ်သွားနေတာ လဲလို့ မေးတယ်။

'စွယ်စုံကျမ်းတွေ လိုက်ရောင်းနေတာပါဗျာ'

'ဘယ်လိုစွယ်စုံကျမ်းလဲ'

အဲဒါနဲ့ ကျွန်တော်လည်း သင်ထားတဲ့အတိုင်း ဖိုင်တွဲကိုဖွင့်၊ ပုံတွေ ထုတ်၊ စွယ်စုံကျမ်း နမူနာနဲ့ နှစ်ပတ်လည် စာအုပ်တွေ ချပြပြီး အရှည်ကြီး ရှင်းပြလိုက်တယ်။ ကျွန်တော်ပြောလို့ ပြီးတော့ ဖောရက်စ်လေးက စာအုပ်တစ်အုပ်ကို ကြည့်ပြီး

'ဒါ အလကားဟာတွေပဲ'

'ဘာရယ်။ သားကို ဘယ်သူက အဲဒီလို သင်ပေးထားတာလဲ'

'တစ်ခါတလေ မေမေပြောသလို ပြောကြည့်တာပါ'

'အင်း၊ သားက ခုနစ်နှစ်ပဲ ရှိသေးတာ။ ဒီလိုပြောတာ မသင့်တော်ဘူးကွဲ့။ ပြီးတော့ ဘာလို့ အဲဒီလို ပြောရတာလဲ'

ဖောရက်စ်လေးက ဖွင့်ထားတဲ့ စွယ်စုံကျမ်းထဲမှ မော်တော်ကားပုံ တစ်ပုံကို ထောက်ပြပြီး

'အဲဒါ အမှန်ပဲလေ။ တစ်ဝက်လောက်က မှားနေတဲ့ဟာ။ ဒီမှာ ကြည့်၊ ၁၉၅၆ ခုနှစ်ထုတ် --- ခုတဲ့။ တကယ်က ၁၉၅၅ ခုနှစ်ကဟာပဲ။ ၁၉၅၆ ခုနှစ်ထုတ်တွေမှာ ကားနောက်မီးက ဒီလိုမှမဟုတ်တာ။ ဒါကိုလည်း ကြည့်ဦး။ ဒါ ၁၀၀ ဖိုက်တာလေယာဉ်ပဲ။ ၈၅ မဟုတ်ဘူး'

ဖောရက်စ်လေးက အချက်အလက်မှားနေတဲ့ တခြားဟာတွေ ထပ်ပြပြီး

'ဒါတွေအကုန် မှားနေတာ အရူးတောင် သိမှာပဲ'

အရူးတိုင်းတော့ သိမှာမဟုတ်ပါဘူး။ သူပြောတာ မှန်လား၊ မှားလား ကျွန်တော် မသိပေမဲ့ မနက်ဖြန်မနက်ကျ ကိုပိန့်ကို မေးကြည့်ဦး မယ်လို့ တေးထားလိုက်တယ်။

***

ကိုပိန်က

'မင်းအနေနဲ့ အချိန်ကိုက်လုပ်ဖို့ လိုတယ်။ ယောက်ျားလုပ်သူ အလုပ်သွားပြီး ကလေးတွေ ကျောင်းမသွားခင် အချိန်လေးကို အမိဖမ်းရမယ်။ ခြံဝင်းထဲမှာ ကလေးကစားစရာတွေ တွေ့တဲ့အိမ်ကို မှတ်ထား'

လမ်းထိပ်မှာ ကားရပ်၊ ကျွန်တော်တို့ကို ချပေးပြီး ဆင်းလျှောက်ကြတယ်။ ကိုပိန်က အရောင်းအဝယ် လုပ်နည်းကို သင်ပေးလိုက်တယ်။

'အကောင်းဆုံးအချိန်က ကလေးတွေကို ကျောင်းသွားမကြိုခင် တီဗွီဇာတ်လမ်းတွဲ ပြီးတဲ့အချိန် ဒါမှမဟုတ် ယောက်ျားလုပ်သူ အလုပ်က ပြန်မလာခင်ပေါ့'

'နေပါဦး။ ကျွန်တော် တစ်ခုမေးစရာရှိလို့။ စွယ်စုံကျမ်းထဲက တချို့ဟာတွေက မမှန်ဘူးလို့ ပြောတယ်နော်'

'ဘယ်သူက ပြောတာလဲ'

'ကျွန်တော်မေးတာသာ ဖြေပါ။ အဲဒါ ဟုတ်လား'

'ငါက ဘယ်လိုလုပ်သိမှာလဲဟ။ ဖတ်မှ မဖတ်တာ။ ငါ့အလုပ်ကလူတွေ ဝယ်အောင် လုပ်ဖို့ပဲ'

'တကယ်ဖတ်တဲ့သူ ကျတော့ရော။ ဒီလိုလေ၊ တကယ်မဟုတ်ဘဲ ရေးထားတာတွေကို ဝယ်ဖတ်ရမှာ မတန်ဘူးထင်တယ်'

'အထဲမှာ ရေးထားတာတွေ မှားနေတော့ရော ဘယ်သူက အရေးလုပ်မှာမို့လို့လဲ။ ပြီးတော့လည်း ဝယ်ပြီးတဲ့နောက် တကယ်ရော ဖတ်မယ်ထင်လို့လား။ စင်ပေါ်မှာ တင်ထားမယ့်ဟာ၊ ဘယ်သူမှ လှန်ကြည့်မှာတောင် မဟုတ်ဘူး'

သိပ်မကြာခင် ကိုပိန်က စာအုပ်ရောင်းလို့ ရနိုင်မယ့်အိမ်ကို တွေ့သွားတယ်။ အဲဒီအိမ်ကို ကြည့်ရတာ တစ်အိမ်လုံး ဆေးပြန်သုတ်ရမယ့်ပုံ။ အိမ်

အပြင်က သစ်ပင်တစ်ပင်မှာ ကားတာယာဟောင်း တစ်ခုကို ကြိုးတွဲလောင်း ချိတ်ထားတယ်။ ပေါ်တီကိုပေါ်မှာလည်း စက်ဘီးလေးတွေ ရှိတယ်။

ကိုပိန်က

'ဒါပဲ။ ဒီမှာ ကျောင်းနေတဲ့အရွယ် ကလေးနှစ်ယောက်တော့ ရှိလိမ့်မယ်လို့ ငါ့စိတ်ထဲက သိနေတယ်။ အထဲက ကလေးအမေကတော့ ငါ့ကို ပိုက်ဆံပေးဖို့ ချက်စာအုပ် လှန်နေလောက်ပြီ'

ကိုပိန်က တံခါးသွားခေါက်တော့ ဝမ်းနည်းနေတဲ့ မျက်လုံး၊ ပင်ပန်းနွမ်းနယ်နေတဲ့ အသွင်နဲ့ မိန်းမပျိုတစ်ဦး ထွက်လာတယ်။ ကိုပိန်တွက်ထားသလို ကွက်တိဝင်တယ်။ သူက စကားရော ဖောရောနဲ့ အိမ်ထဲဝင်ရအောင် လုပ်တယ်။ နောက်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံး ဧည့်ခန်းထဲ ရောက် သွားတယ်။ မိန်းမပျိုက

'ကျွန်မ စွယ်စုံကျမ်းတွေ ထပ်မလိုတော့ပါဘူးရှင်။ ဟိုမှာ ကြည့်၊ ဗြိတိန် စွယ်စုံကျမ်းရော၊ အမေရိကန် စွယ်စုံကျမ်းရော ဝယ်ပြီးပြီ။ အဲဒါတွေအတွက် နောက်ဆယ်နှစ်ကြာအောင် ပိုက်ဆံပေးရဦးမှာ'

ကိုပိန်က

'အဲဒါပေါ့။ အဲဒီစာအုပ်တွေက အထက်တန်းနဲ့ ကောလိပ်ကျောင်းသားတွေလို အသက်ကြီးတဲ့ ကလေးတွေအတွက်ဆိုတော့ နောင်မှသုံးရမှာ။ လောလောဆယ် ကလေးတွေက ငယ်သေးတော့ သူတို့စိတ်ဝင်စားမှာ ဒီဟာပဲ' လို့ပြောပြီး သူ့စာအုပ် နမူနာတွေအားလုံးကို လှမ်းပေးရင်း ဒီထဲမှာ ပန်းချီပုံ ဘယ်လောက်ပါကြောင်း၊ ဘယ်လို ရိုးရိုးရှင်းရှင်း ရေးသားထားကြောင်း၊ မိန်းမပျိုဝယ်ထားတဲ့ စွယ်စုံကျမ်းတွေထက် အများကြီး ပိုနားလည် လွယ်ကြောင်း ရှင်းပြတယ်။

အချိန်ကုန်ရကျိုး နပ်ပါတယ်။ ကျွန်တော်တို့ကို မိန်းမပျိုက သံပရာရည် ဖျော်တိုက်တယ်။ အပြန်မှာ ကိုပိန့်လက်ထဲ စာချုပ်တစ်စောင် ပါလာတယ်။

'ကဲ ကြည့်၊ ဘယ်လောက်လွယ်သလဲ။ မိနစ်နှစ်ဆယ်လောက် အချိန်ပေးပြီး ငါကိုယ်တိုင် ဒေါ်လာထောင်ချီ ရှာပြလိုက်ပြီ။ ငှက်ပျောသီး အခွံနွှာစားရတာကမှ ခက်ဦးမယ်'

သူလုပ်ပြတော့လည်း ဖြူးနေတာပဲ။ ကျွန်တော့်ဟာကျွန်တော်သာ မသေချာတာ။ ကျွန်တော် ပြောချင်တာက ဟိုမိန်းမပျိုက စွယ်စုံကျမ်းတွေ အကုန်ဝယ်ပြီး ဘာလုပ်မှာလဲ။ ကိုပိန့်စကား အရတော့ အဲဒီ မိန်းမပျိုက သူလိုချင်တဲ့ ဖောက်သည်မျိုးပေ့ါလေ။

'သူတို့က ပြောသမျှအကုန် ယုံကြတာကွ။ အများစုက စကားပြောဖော် ရတာကိုတင် ကျေးဇူးတင်နေတာ'

ကိုပိန်က ကျွန်တော့်ကို ကိုယ့်ဘာသာ လုပ်တော့လို့ ပြောတယ်။ ဘယ်လိုဘယ်ပုံ လုပ်ရမယ်ဆိုတာ ပြပြီးပြီဆိုတော့ သူက ကျွန်တော့်ကို တစ်နေ့တစ်အုပ်၊ နှစ်အုပ်တော့ ရောင်းရဖို့ မျှော်လင့်ထားတယ်။ ကျွန်တော်လည်း ကြိုးစားရတာပေ့ါလေ။ အဲဒီညနေအထိ ကျွန်တော်ခေါက်ခဲ့တဲ့ အိမ်တံခါးပေါင်း နှစ်ဒါဇင်လောက် ရှိပေမဲ့ တစ်ခုမှ အထဲဝင်ခွင့် မရခဲ့ပါဘူး။ လေးငါးယောက်ဆို တံခါးကိုမဖွင့်ဘဲ စာအိတ်ထည့်တဲ့ အပေါက်ကနေ 'သွား၊ သွား'လို့ ပြောတယ်။ မိန်းမတစ်ယောက်ဆို ခြံထဲမှာ မြက်နုတ်နေတာ။ ကျွန်တော် ခြံရှေ့လာရပ်တာလည်း တွေ့ရော မြက်ပင်တွေကိုင်လျက် သားနဲ့ ထပြေးတော့တာ။

စုရပ်ကို ပြန်လျှောက်လာတဲ့ အချိန်မှာ ကျွန်တော် ရှာရမယ့်အိမ်တွေနဲ့ မတူတဲ့ လမ်းတစ်လမ်းကို တွေ့တယ်။ အဲဒီလမ်းထဲက အိမ်တွေက တကယ်လှတယ်။ ခြံထဲမှာလည်း ဈေးကြီးတဲ့ကားတွေ၊ ပန်းဥယျာဉ်တွေနဲ့။

တောင်ကုန်းလေးတစ်ခုလို မြင့်သွားတဲ့ အဲဒီလမ်းရဲ့ အဆုံးမှာ အကြီးဆုံး အိမ်ကြီး တစ်အိမ်ရှိတယ်။ စံအိမ်လို့ ခေါ်ရမယ်ထင်တယ်။ စိတ်ထဲမှာ မိုက် လှချေလားပေါ့။ အဲဒီလိုလူတွေက စွယ်စုံကျမ်းမဝယ်ဘူးလို့ ကိုပိန်ပြော ဖူး ပေမဲ့ ကျွန်တော်တော့ ကြိုးစားကြည့်ချင်တယ်။ အဲဒါနဲ့ စံအိမ်ကြီးဆီ သွား ပြီး တံခါးဘဲလ်တီးလိုက်တယ်။ တစ်နေကုန် တံခါးဘဲလ်ဆိုလို့ ဒါပထမ ဆုံး တွေ့ဖူးတာပဲ။ ဘာမှ မထူးခြားတဲ့အတွက် ပထမတော့ အိမ်မှာ ဘယ်သူမှ မ ရှိဘူးထင်တယ်လို့ တွေးမိသေးတယ်။ နှစ်ကြိမ်သုံးကြိမ် တီးပြီးတော့ ပြန်လှ ည့်မလို့ ပြင်နေတုန်း အိမ်တံခါးက ရုတ်တရက် ပွင့်သွားတယ်။

တံခါးဝမှာ အနီရောင် ပိုးသားဂါဝန်ရှည်နဲ့ မိန်းမတစ်ယောက် စီးကရက် ခွက်ကိုင်ရင်း လာရပ်တယ်။ ကျွန်တော့်ထက် အသက်ကြီးပေမဲ့ အတော် လေးလှနေတုန်းပဲ။ လှိုင်းတွန့်သဏ္ဍာန် အညိုရောင် ဆံပင်ရှည်နဲ့ မိတ်ကပ် တွေ အများကြီး လိမ်းထားတယ်။ ကျွန်တော့်ကိုမြင်တော့ ခေါင်းစ ခြေဆုံး နှစ်ခါသုံးခါကြည့်ပြီး ရင်းရင်းနှီးနှီး ပြုံးပြတယ်။ အဲဒါနဲ့ ကျွန်တော်လည်း စကားပြောဖို့ အခွင့်အရေး ရသွားတယ်။ သူက တံခါးဖွင့်ပေးပြီး အထဲဝင်ဖို့ ဖိတ်တယ်။

သူ့နာမည်က မစ္စက်ဟုပ်ဝဲလ်တဲ့။ အဲလစ်လို့ပဲ ခေါ်ပါတဲ့။ မစ္စက် ဟုပ်ဝဲလ်ခေါ် အဲလစ်က မျက်နှာကြက်အမြင့်ကြီးနဲ့ ဧည့်ခန်းကျယ်ကြီးတစ် ခုထဲ ခေါ်သွားတယ်။ ခေတ်မီပရိဘောဂ ပစ္စည်းတွေလည်း အများကြီးပဲ။ တစ်ခုခုသောက်မလားလို့ မေးတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

‘ဘာသောက်မှာလဲ။ ဘာဘွန်းလား၊ ဂျင်လား၊ စကော့ချ်လား’

အလုပ်မှာ အရက် မသောက်ရဘူးလို့ ကိုပိန်မှာထားတာ သတိရသွားတာ ကြောင့် ကိုကာကိုလာပဲ ကောင်းပါတယ်လို့ ပြောလိုက်တယ်။ သူက ကိုလာ တစ်ခွက် ယူလာတဲ့အခါ ကျွန်တော်လည်း သင်ထားတာတွေ လွှတ်တာပေါ့။

စကားတစ်ဝက်လောက် ရောက်တော့ အဲလစ်က ဖြတ်ပြီး

‘ကျေးဇူးတင်ပါတယ် ဖောရက်စ်ရယ်။ ဒါတွေ ကျွန်မ ကြားဖူးပါတယ်။ ဝယ်မှာပါ’

‘ဗျာ’

ကျွန်တော်ဖြင့် ကိုယ့်နားကိုယ်တောင် မယုံဘူး ဖြစ်သွားတယ်။

‘စွယ်စုံကျမ်းကို ပြောတာလေ။ တစ်စုံယူမယ်’

ချက်မှာ ဘယ်လောက် ရေးရမလဲမေးတော့ ကျွန်တော်က ဝယ်ရမှာ မဟုတ်ကြောင်း၊ တစ်နှစ်တစ်ခါထုတ်တဲ့ စွယ်စုံကျမ်း အနှစ်ချုပ်ကိုသာ တစ်သက်လုံးဝယ်ဖို့ စာချုပ်ချုပ်ရမှာ ဖြစ်ကြောင်း ရှင်းပြတော့ သူက လက်ကာပြပြီး

‘ဘယ်နေရာမှာ လက်မှတ်ထိုးရမလဲ ဆိုတာသာပြော’တဲ့။

အဲဒါနဲ့ ကျွန်တော်လည်း စာချုပ် ထုတ်ပေးလိုက်တယ်။

ကိုလာတစ်ငုံ ယူသောက်လိုက်တော့ အား… ဆိုးလိုက်တဲ့ အရသာဗျာ။ စိတ်ထဲမှာ တစ်ခုခုများ ရောထားသလားတောင် ထင်လိုက်မိသေးရဲ့။ ဒါပေမဲ့ ဘူးခွံကို ဘေးက စားပွဲပေါ်မှာ တင်ထားတာမို့ မဟုတ်ပါဘူး။

မစ္စက်ဟုပ်ဝဲလ်က

‘ကဲ ဖောရက်စ်။ ကျွန်မလည်း ချွတ်ရပြုရ လွယ်တာလေး သွားလဲဦးမယ်ရှင်’

ကျွန်တော့်အမြင်တော့ သူ အခုဝတ်ထားတာလည်း ချွတ်ရပြုရ လွယ်မယ့်ပုံပါပဲ။ ထားပါ၊ ဒါကျွန်တော့် အလုပ်လည်း မဟုတ်ပါဘူး။

‘ဩော် ဟုတ်ကဲ့ အာ…’

မစ္စက်ဟုပ်ဝဲလ်က

‘အဲလစ်လို့ပဲ ခေါ်ပါ’ လို့ ပြောပြီး စကတ်ကို လွှားခနဲနေအောင် ခါပြီး ထွက်သွားတယ်။

ကိုလာဘူးကို ထိုင်ကြည့်ရင်း ကျွန်တော် ရေပိုပိုဆာလာတယ်။ ကျွန်တော့်မှာ သူ ဘယ်အချိန် ပြန်ထွက်လာမလဲသိမယ့် ရေဒီယိုကွန်ထရိုးရှိရင် ကောင်းမယ်။ ကြည့်ရတာ တစ်အောင့် လောက်တော့ ကြာမယ့်ပုံရတာနဲ့ မီးဖိုချောင်ကို သွားကြည့်တယ်။ ဒီလိုမီးဖိုချောင်မျိုး တစ်သက်နဲ့တကိုယ် မမြင်ဖူးဘူးဗျာ။ ဂျင်နီတို့ တစ်အိမ်လုံးစာထက်တောင် ကျယ်တယ်။ မျက်နှာကြက်ကိုက လင်းထိန်နေတာ။ ခုနကလောက် အရသာမဆိုးတဲ့ ကိုလာ တစ်ဘူးတလေများ တွေ့မလားဆိုပြီး ရေခဲသေတ္တာကို ဖွင့်ကြည့်တော့ ကိုလာဘူးငါးဆယ်လောက် တွေ့တာနဲ့ အံ့သြသွားတယ်။ အဲဒါနဲ့ တစ်ဘူးယူပြီး ဖောက်သောက်လိုက်တယ်။ အား... ထွီ။ ဆိုးလိုက်တဲ့အရသာ၊ ချေးလိုပဲ။

တကယ့် ချေးအရသာနဲ့တော့ ဘယ်တူပ့်ါမလဲ။ ချေးမှာ ဘာ အရသာရှိမှန်းလည်း ကျွန်တော် မသိပါဘူး။ ကိုလာအရသာက တာပင်တိုင်၊ ဝက်ဆားနယ်ခြောက်ရဲ့ အဆီ၊ သကြားနည်းနည်းနဲ့ ဂတ်စ်ပါတဲ့အရည် စပ်ထားသလိုပဲ။ ကြည့်ရတာ မစ္စက်ဟုပ်ဝဲလ်ကို တစ်ယောက်ယောက်က နှောက်ထားတာနဲ့ တူတယ်။

အဲဒီအချိန်မှာပဲ သူက တံခါးဝရောက်လာပြီး

‘သြော် ရှင်က ကိုလာတွေ ရှာသောက်နေတာကိုး။ ရှင် ရေဆာနေမှန်း ကျွန်မ မသိဘူး။ သနားလိုက်တာ။ ကျွန်မ ဖျော်ပေးပ့်ါမယ်’

မစ္စက်ဟုပ်ဝဲလ်က တစ်ကိုယ်လုံး မြင်နေရတဲ့ ပန်းရောင်ညအိပ်ဝတ်စုံ ဝတ်ထားတာမို့ အိပ်ရာဝင်တော့မယ်နဲ့ တူပါရဲ့လို့ ထင်လိုက်တယ်။ သူက သက်တံရောင် လက်နေတဲ့ ဖန်ခွက်တစ်လုံး သွားယူပြီး ကိုလာနဲ့ ရေခဲထည့်နေတဲ့ အသံကြားတော့ ဒီကိုလာကို ဘယ်လိုသောက်ရပ့်ါမလဲ၊ ပါးစပ်ထဲ

ရောက်တာနဲ့ ပြန်ထွေးထုတ်မိမှာပဲလို့ တွေးနေတုန်း ဒီထက်ပိုကောင်း အောင် လုပ်လို့ရမယ် ထင်ရတဲ့ အကြံတစ်ခု ရသွားတယ်။

တက္ကသိုလ်တက်တုန်းက သံပရာရည် ချင်ခြင်းတပ်ခဲ့ဖူးတာ သတိရ တယ်။ မေမေကလည်း မက်မွန်သီးတွေပဲ ပို့ပေးလိုက်တော့ ခြေအိတ် တစ်လုံးထဲ မက်မွန်သီးတွေထည့်ပြီး ညှစ်သောက်ကြည့်တာ ဆိုးသလားမ မေးနဲ့။ ဒီကိုလာကလွဲရင် ဘာဖြစ်ဖြစ် သောက်ချင်ပါရဲ့။ အာခေါင်တွေ ခြောက်လွန်းလို့ သေတော့မယ်။ ရေတစ်ခွက်လောက် သောက်ရရင် ကောင်းမယ်။ လောလောဆယ်တော့ ကိုလာပဲ သောက်ရမှာ သေချာတယ်။

အဲဒီမှာ ပုံစံမျိုးစုံ၊ အရွယ်မျိုးစုံနဲ့ ပုလင်းတွေ၊ ရေကရားတွေ ရာနဲ့ချီထည့် ထားတဲ့ စားစရာသိမ်းတဲ့ အခန်းကြီးတစ်ခန်းရှိတယ်။ ဇီယာ၊ တာဘတ်စ်စ ကိုင်ရုတ်ဆီ၊ တာရာဂွန် ရှာလကာရည် စသဖြင့် နာမည်တပ်ထားတဲ့ ပုလင်း တွေ၊ ကရားတွေ၊ ဘူးလေးတွေ အများကြီးပဲ။ ဝက်ဆီအရသာကို လျော့သွား စေနိုင်မယ်ထင်တဲ့ သံလွင်ဆီနဲ့ တာပင်တိုင်အရသာ ပျောက်သွား စေမယ် ထင်တဲ့ ချောကလက် အနှစ်ရည်ကို ရှာတွေ့သွားတယ်။ မစ္စက်ဟုပ် ဝဲလ် က ကျွန်တော့်ကို ကိုလာတစ်ခွက် ပေးပြီး ပြန်ထွက်သွားတယ်။ ကျွန်တော် လည်း ခွက်တစ်လုံး ကောင်တာပေါ်တင်ပြီး အဲဒီအမယ်နှစ်ဆယ်၊ သုံးဆယ် လောက် ရောမွှေပြီး ဇွန်းတစ်ချောင်းနဲ့ ကိုလာခွက်ထဲ ခပ်ထည့်လိုက် တယ်။ ပထမတော့ ပွက်ပွက်ဆူပြီး ထပေါက်တော့မလိုပဲ။ ရေခဲထည့်ပြီး မွှေလေ လေ၊ ပိုဆူလာလေလေပဲ။ တစ်အောင့်လောက်ကြာတော့ ကိုလာ အရောင် အတိုင်း ပြန်ဖြစ်သွားတယ်။

ကျွန်တော်လည်း ကန္တာရနေပူထဲမှာ ရွှေတူးနေတဲ့လူလို ခံစား လာရတာနဲ့ ခွက်ကို မော့သောက်ချလိုက်တယ်။ ဒီတစ်ခါတော့ ကိုလာ အရသာနဲ့ လုံးဝမတူပေမဲ့ အတော်အရသာရှိတယ်။ ချေးအရသာ လုံးဝမရှိ

တော့ဘူး။ အရမ်းသောက်လို့ ကောင်းတာနဲ့ ကိုယ့်ဘာသာ နောက်တစ်ခွက် ထပ်ငှဲ့တယ်။

အဲဒီအချိန်မှာပဲ မစ္စက်ဟုပ်ဝဲလ် ပြန်ရောက်လာပြီး

‘ကိုကာကိုလာ ဘယ်လိုနေတုံး ဖောရက်စ်’

‘တော်တော် ကောင်းတယ်ဗျ။ ကျွန်တော်တောင် ထပ်သောက်မလို့။ ခင်ဗျားရော သောက်မလား’

‘နေပါစေ၊ မသောက်တော့ပါဘူး ဖောရက်စ်ရယ်။ ကျေးဇူးတင်ပါတယ်’

‘ဘာဖြစ်လို့လဲ။ ရေမဆာဘူးလား’

‘မဆာပါဘူး။ ဆာလည်း ဒီပြင်ဟာ သောက်ရတာပဲ ပိုကြိုက်တယ်’

သူက ဖန်ခွက်တစ်လုံးထဲ ဂျင်တစ်ဝက်နဲ့ လိမ္မော်ရည် ရောထည့်တယ်။

‘ကျွန်မတော့ အဲဒီချေးရည် သောက်နိုင်တဲ့သူတွေကို သိပ်အံ့သြတာပဲ။ အဲဒါကို တီထွင်တာ ကျွန်မယောက်ျားလေ။ ‘ နယူးကုတ်’လို့ နာမည်မှည့် မလို့တဲ့’

‘ဟုတ်လား၊ အင်းလေ။ အရင်အရသာ အဟောင်းနဲ့မှ လုံးဝမတူတာ’

‘ကျွန်မတစ်သက်နဲ့ တစ်ကိုယ် အဲဒီလောက်ဆိုးတဲ့ အရသာ တစ်ခါမှ မကြုံဖူးဘူး။ တာပင်တိုင်လိုလို ဘာလိုလိုနဲ့ ဘာအရသာကြီးမှန်းကို မသိဘူး’

‘ဟုတ်တယ်။ ကျွန်တော် သိပါတယ်’

‘အတ္တလန္တာမှာရှိတဲ့ ကိုလာကုမ္ပဏီက ဘယ်ငကြောင်က သူ့ငွေးတွေကို မြှောက်ပေးတယ် မသိဘူး။ ‘ နယူးကုတ်’ ဆိုပဲ။ ရောင်းအားကောင်းစေမယ့် ရှူထောင့်အသစ်လိုလို ဘာလိုလိုနဲ့ အမြဲကျပ်ပေးနေတာ။ သုံးစားမရတဲ့ လူတစ်စုပဲ’

‘အဲဒီတော့ ဘာဖြစ်လဲ’

'ဘာဖြစ်ရမလဲ။ ရှင်က အဲဒီဈေးရည်ကို မပျို့မအန်ဘဲ တစ်ခွက်လုံး ကုန်အောင်သောက်နိုင်တဲ့ ပထမဆုံးပုဂ္ဂိုလ်ပဲ။ ကျွန်မယောက်ျားက ကိုကာကိုလာရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးဌာနက ဒုဉက္ကဋ္ဌလေ။ ဒီတော့ အရသာကို သုတေသနလုပ်တာ ဘာညာ လုပ်ရတာပေါ့'

'တခြားဟာ နည်းနည်းပါးပါး ထပ်ရောလိုက်ရင်တော့ မဆိုးပါဘူး။ နည်းနည်းလေး ပြင်လိုက်ရုံပါပဲ'

'မသိတော့ပါဘူးရှင်။ ဒါ ကျွန်မပြဿနာလည်း မဟုတ်ဘူး။ ကျွန်မရှင့်ကို အိမ်ထဲ ခေါ်လာတာလည်း ကျွန်မယောက်ျားရဲ့ အူကြောင်ကြောင် စိတ်ကူးအကြောင်း ပြောဖို့မဟုတ်ဘူး။ ရှင်ရောင်းတဲ့ စွယ်စုံကျမ်းလားဘာလား ဘာဖြစ်ဖြစ်ရှင်၊ ဝယ်ပြီးပြီဆိုတော့ အားနာသမှုနဲ့ တစ်ခုတော့ ကူညီစေချင်တယ်။ ဒီညနေ အနှိပ်သည်တစ်ယောက် ခေါ်ထားတာ ရောက်မလာဘူး။ ကျောဘယ်လို နှိပ်ရသလဲ ရှင် သိသလား'

'ဟမ်'

'နောက်ကျောနှိပ်နည်းကို ပြောတာလေ။ ကျွန်မ လှဲနေမယ်။ ရှင်နှိပ်ပေးချေ။ ရှင်က ကမ္ဘာ့ဗဟုသုတတွေတောင် လိုက်ရောင်းနေတဲ့သူပဲ၊ ကျောဘယ်လိုနှိပ်ရသလဲ ဆိုတာတော့ သိရမှာပေါ့။ ဟုတ်တယ်မဟုတ်လား။ အရှုးတောင် နှိပ်တတ်မှာပဲ'

'ဟုတ်၊ ဟိုလေ…'

'ဒီမယ်၊ ကိုလာခွက်ယူပြီးသာ ကျွန်မနဲ့ လိုက်ခဲ့'

သူက ကျွန်တော့်ကို နံရံတစ်ခုလုံး မှန်တွေကပ်ထားတဲ့ အခန်းတစ်ခုထဲ ခေါ်သွားတယ်။ အခန်းအလယ်မှာ ခုတင်အဟောင်းကြီး တစ်လုံးရှိတယ်။ မျက်နှာကြက်ကနေ ဂီတသံတွေ လာနေတယ်။ ခုတင်ဘေးမှာ တရုတ်

မောင်း အဟောင်းကြီးတစ်ခု ချထားတယ်။

မစ္စက်ဟုပ်ဝဲလ်က ခုတင်ပေါ်တက်၊ ညဝတ်အင်္ကျီချွတ်၊ ခန္ဓာကိုယ်အောက်ပိုင်းကို တဘက်ကြီးတစ်ထည် ပတ်ပြီး ဝမ်းလျားမှောက်နေတယ်။ အဲဒါ ကျွန်တော် သူ့ကိုကြည့်ပြောတာ မဟုတ်ပါဘူး။ တစ်ခန်းလုံး မှန်တွေချည်းဆိုတော့ မမြင်ချင်ယောင်လည်း ဆောင်လို့မရဘူး။

'အိုကေ၊ စနှိပ်တော့'

ကျွန်တော်လည်း သူ့ဘေးဝင်ထိုင်ပြီး ပခုံးတွေစနှိပ်တယ်။ သူက အင်းအဲ အိုးအားနဲ့ စညည်းတယ်။ ကျွန်တော် နှိပ်လေ၊ သူက ညည်းလေ။

'အောက်ကိုလျှော့၊ အောက်ကိုလျှော့' ဆိုပြီးလည်း ပြောတယ်။ အောက်လျှော့ပြီး နှိပ်လေ၊ အောက်ထပ်လျှော့ခိုင်းလေ။ အောက်လျှော့လွန်းလို့ ကျွန်တော့်လက်လည်း တဘက်စနား ရောက်နေပြီ။ နောက်တော့ မစ္စက် ဟုပ်ဝဲလ်က အမောတကောနဲ့ တရုတ်မောင်းကို ဂွမ်းခနဲ တစ်ချက်လှမ်း တီးတယ်။ အခန်းက တစ်ချက် တုန်သွားတာမို့ နံရံကမှန်တွေ ပြုတ်ကျတော့မလိုပဲ။'

မစ္စက်ဟုပ်ဝဲလ်က

'ကျွန်မကို ခေါ်သွားပါတော့ ဖောရက်စ်ရယ်'

'ဘယ်ကို သွားချင်လို့လဲခင်ဗျ'

မစ္စက်ဟုပ်ဝဲလ်က

'ခုချက်ချင်း ခေါ်သွားတော့' လို့ အကျယ်ကြီး ထအော်တယ်။

အဲဒီအခိုက်မှာ ဂျင်နီတို့ဘာတို့ကို ရုတ်တရက် သွားသတိရတယ်။ မစ္စက်ဟုပ်ဝဲလ်က ကျွန်တော့်ကိုဆွဲပြီး တွန့်လိမ်ရင်း အိပ်ရာပေါ် လှဲချတယ်။ ဒါပေမဲ့ ကြံဖန်လွတ်ဖို့ ကံပါလို့လားတော့ မသိဘူး။ အခန်းတံခါး အုန်းခနဲပွ

င့်သွားပြီး နက်တိုင်ဝတ်စုံနဲ့ ခပ်ညှက်ညှက် လူတစ်ယောက် ရောက်လာတယ်။ နာဇီဂျာမန်နဲ့တူတဲ့ အဲဒီလူက စတီးကြိုးချိတ်ထားတဲ့ မျက်မှန်တစ်လက် တပ်ထားတယ်။

သူက အပေါက်ဝမှာ မတ်တတ်ရပ်ပြီး

'အဲလစ်ရေ။ ငါရှာနေတာ တွေ့ပြီထင်တယ်ဟေ့။ ဖော်မြူလာထဲကို အိုးတိုက်သံခွေ ထည့်လိုက်ရင် တာပင်တိုင်လို အရသာထွက်နေတာ ပျောက်သွားလိမ့်မယ်'လို့ အော်ပြောတယ်။

မစ္စက်ဟုပ်ဝဲလ်က

'ဘုရားရေ၊ အဲဖရက်။ နေ့ဘက်ကြီး အိမ်ကို ဘာပြန်လာလုပ်တာလဲ' လို့ ပြန်အော်ရင်း ဆတ်ခနဲထပြီး တဘက်ပြန်ပတ်တယ်။

'ငါ့သုတေသနသမားတွေက အဖြေကို ရှာတွေ့သွားပြီ'

'အဖြေ၊ ဘာအတွက် အဖြေလဲ'

အဲဒီလူက အခန်းထဲမှာ ကျွန်တော် ရှိမနေသလိုမျိုး ခြေလှမ်းကျဲနဲ့ ဝင်လာပြီး

'နယူးကုတ် အတွက်လေ။ လူတွေ သောက်လာဖို့ နည်းလမ်းတစ်ခု ရှာတွေ့ပြီထင်တယ်'

'မဖြစ်နိုင်တာ အဲဖရက်ရယ်။ ဘယ်သူက အဲဒီအရည်ကို သောက်ချင်မှာလဲ'

မစ္စက်ဟုပ်ဝဲလ်ကို ကြည့်ရတာ ငိုချတော့မလိုပေမဲ့ မငိုဘူး။ တဘက်က အပေါ်ရော အောက်ရော မလုံတာကြောင့် ကြမ်းပြင်မှာကျနေတဲ့ ညဝတ်အင်္ကျီကို ကောက်ဖို့လုပ်တယ်။ ဒါပေမဲ့ သူကုန်းကောက်မယ် လုပ်တိုင်း တဘက်က ကျွတ်ကျွတ်ကျတယ်။ ကျွန်တော် မျက်စိလွှဲထားဖို့

ကြိုးစားပေမဲ့ မှန်တွေကတစ်ဆင့် မြင်နေရတယ်။ အဲဒီအချိန်မှာပဲ အဲဖရက် ဆိုတဲ့လူက ကျွန်တော့်ကို သတိထားမိသွားတယ်။

'မင်းက အနှိပ်သည်လား'

'အနှိပ်သည်လိုပါပဲ'

'ဟိုဟာက မင်းရဲ့ကိုလာလား'

'ဟုတ်ကဲ့'

'သောက်နေတာလား'

'ဟို...'

'ကောင်းတယ် မဟုတ်လား'

သူ့တီထွင်မှုကို ဘယ်လိုပြောရမှန်း မသိတာနဲ့ ခေါင်းပဲ ညိတ်ပြလိုက်တယ်။

'အရသာ မဆိုးဘူးမဟုတ်လား'

သူက မေးရင်းနဲ့ မျက်လုံးကြီးတွေ ပြူးလာတယ်။

'အခုတော့ မဆိုးပါဘူး။ ကျွန်တော်က ပြင်သောက်လိုက်လို့ပါ'

'ပြင်လိုက်တယ် ဟုတ်လား။ ဘယ်လိုပြင်လိုက်တာလဲ'

'မီးဖိုချောင်ထဲကဟာ တချို့ထည့်လိုက်တာပါ'

'ပြစမ်းပါဦး'

သူက ခွက်ကို အလင်းရောင်ထဲ မြှောက်ကြည့်တယ်။ မသိရင် သိပ္ပံရေကရားတစ်ခုထဲမှာ ပါနေတာတွေကို စူးစမ်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လိုပဲ။ နောက်တော့ တစ်ငုံသောက်ကြည့်ပြီး မျက်လုံးမှေးသွားတယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်လိုက်၊ မစ္စက်ဟုပ်ဝဲလ်ကို ကြည့်လိုက်နဲ့ ဂလုခနဲ

တစ်ချက် မော့သောက်ပြီး

'ဘုရားရေ၊ ကောင်းလှချေလား'

သူက နည်းနည်း ထပ်သောက်ကြည့်ပြီး တကယ် အံ့အားသင့်သွားတဲ့ အသွင်မျက်နှာမှာ ပေါ်လာတယ်။ မသိရင် ဆဌမအာရုံ ရသွားတဲ့အတိုင်းပဲ။

'မင်းပြင်လိုက်တာပေါ့။ ဘယ်လိုတောင် ပြင်ချလိုက်တာလဲကွာ'

'စားစရာခန်းထဲက တချို့ဟာလေးတွေ ယူထည့်လိုက်တာပါပဲ'

'မင်းကွာ၊ အနှိပ်သည်ရော ဟုတ်ရဲ့လား'

မစ္စက်ဟုပ်ဝဲလ်က

'အနှိပ်သည် လုပ်စားတာတော့ မဟုတ်ပါဘူး'

'မဟုတ်ဘူးလား။ ဒါဆို ဘာလဲ'

ကျွန်တော်က

'စွယ်စုံကျမ်း လိုက်ရောင်းတဲ့သူပါ'

'စွယ်စုံကျမ်း ဘာလုပ်တယ်။ မင်းက ဒီနေရာမှာ ဘာလုပ်နေတာလဲ။ ငါ့မိန်းမနဲ့'

'ပြောရရင်တော့ အရှည်ကြီးပဲ'

'ထားပါ၊ အဲဒီကိစ္စကို နောက်မှပြောတာပေါ့။ ငါ အခုသိချင်တာက ဒီကိုလာကို မင်း ဘာလုပ်လိုက်တာလဲသာ ပြောစမ်းပါကွ၊ ပြောစမ်းပါ'

'ကျွန်တော်လည်း သေချာတော့မသိဘူး။ ဟိုဒင်း၊ ပထမ သိပ်သောက်လို့ မကောင်းတာနဲ့ ဟိုရောဒီရော ကောက်ရောလိုက်တာ'

'သောက်လို့မကောင်းဘူး ဟုတ်လား။ မင်းနှယ်၊ အရသာကိုက ချေးလိုပဲ။ ငါမသိဘူးလို့များ ထင်လို့လား။ ဒါကို မင်းကသောက်လို့ ရအောင် ပြင်လိုက်

တာ။ ဒီလိုစိတ်ကူးမျိုးက သိန်း၊ သန်း၊ ကုဋေ၊ ကုဋာ တန်တယ်။ လုပ်ပါကွ၊ ပြန်စဉ်းစားကြည့်စမ်းပါ။ ဘာတွေပါလဲလို့။ ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ'

'ဂမ့်ပါ။ ဖောရက်စ်ဂမ့်'

'ဟုတ်ပြီ ဂမ့်ရေ။ ဒီထဲကို ဘာတွေ ထည့်လိုက်လဲဆိုတာ ဖြည်းဖြည်းချင်း ရအောင် စဉ်းစားကြည့်။ ပြီးရင် ငါ့ကို ပြချေစမ်း'

ကျွန်တော်လည်း ခုနကထည့်တာတွေ အကုန်မမှတ်မိပေမဲ့ ပုလင်းတွေ၊ ကရားတွေထုတ်ပြီး ပြန်လုပ်ကြည့်တယ်။ ဒါပေမဲ့ ခုနက အတိုင်းပြန်ရမယ့်ပုံ မရှိပါဘူး။ ဒီလိုနဲ့ အကြိမ်ငါးဆယ်လောက် အပြန်ပြန်အလှန်လှန် စမ်းကြည့်ရင်း ညသန်းခေါင်ကျော်လာတယ်။ အဲဖရက်ကတော့ တစ်ငုံသောက်လိုက်၊ ထွေးထုတ်လိုက်၊ ပထမဆုံးတစ်ခေါက်ကလို မဟုတ်ဘူးကွလို့ ပြောလိုက်နဲ့။

မစ္စက်ဟုပ်ဝဲလ်က ခွက်နှစ်ဆယ်မြောက် ဂျင်လိမ္မော်ကို ဖျော်ရင်း

'ရှင်တို့ အရူးတွေပဲ။ အဲဒီဆေးရည်ကို အရသာရှိအောင် ဘယ်အရာကမှ မလုပ်နိုင်ဘူး။ ကျွန်မတို့အားလုံး အိပ်ရာထဲလှဲပြီး ဘာဖြစ်လာမလဲသာ ကြည့်ကြမယ်လေ'

အဲဖရက်က

'တော်စမ်းပါ အဲလစ်ရာ။ ဒါ တစ်သက်မှာ တစ်ခါပဲရတဲ့ အခွင့်အရေးကွ'

'အဲဒီ မဟာအခွင့်အရေးကြီး ရအောင် ကျွန်မပဲ ကြံခဲ့တာပါနော်'

မစ္စက်ဟုပ်ဝဲလ်က ပြောပြောဆိုဆို မှန်ခန်းထဲပြန်ဝင်ပြီး မောင်းထုတယ်။ နောက်ဆုံးတော့ အဲဖရက်တစ်ယောက် လက်နှစ်ဖက်ခေါင်းအုပ်၊ ရေခဲ သေတ္တာကြီးကို မှီပြီး

'မယုံနိုင်စရာပဲ ဂမ့်ရာ။ မင်းကြောင့် လက်လျှော့တော့မလို ဖြစ်နေတဲ့ငါ

အားပြန်တက် လာတယ်။ ဒီအတိုင်းတော့ လက်မလျှော့နိုင်ဘူး။ ဒီ မီးဖိုချောင်ကို ရဲခေါ်ပြီး ပိတ်ခိုင်းလိုက်မယ်။ မင်း ရောလိုက်မိတယ်ထင်တဲ့ ဒီနေရာကဟာတွေ အကုန်လုံး မနက်ဖြန် အတ္တလန္တာကို သင်္ဘောနဲ့ သယ် သွားမယ်၊

'အတ္တလန္တာကို ဟုတ်လား '

'မင်းလည်း ပါတယ်နော် ဂမ့်။ အားလုံးထဲမှာ အရေးအကြီးဆုံးက မင်း'

'ကျွန်တော် ဟုတ်လား'

'အေးလေ ဂမ့်ရာ။ ဒါတွေကို မှန်မှန်ကန်ကန် ရောစပ်ဖို့က မင်းကိုယ်တိုင် အတ္တလန္တာက ဓာတ်ခွဲခန်းဆီ လိုက်လုပ်ပေးရမှာ။ ဒီနေ့ အတ္တလန္တာ၊ မနက်ဖြန် တစ်ကမ္ဘာလုံး။ အဲဒီလိုသာ ခေါင်းထဲထည့်ထား လိုက်စမ်း ကွာ'

ကျွန်တော် ထွက်လာတော့ မစ္စက်ဟုပ်ဝဲလ်မျက်နှာက ရယ်ဟဟ ဖြစ်နေတယ်။ ဖြစ်ပျက်ခဲ့သမျှတွေကို ပြန်စဉ်းစားကြည့်ရင်း ရှေ့လျှောက် ဒုက္ခရောက်တော့မှာပဲလို့ ထင်နေမိတယ်။

***